

www.burmeseclassic.com
တက္ကသိုလ်
နေလင်းအောင်
ကျောက်ဖိမ်းဒေပိပြော
ကျင်းထုံ၏ဝူးဝမ်ချူးလန်
ဒုတိယပိုင်း
တတိယပိုင်း
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

ကျောက်စိမ်းလိပ်ပြာ

( ဒု-ဇာတ်သိမ်း )

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း (၁၀)

ရှုမဟာန် ...။

တိဗက်လူမျိုး ငြိမ်းချမ်းရေးသမား ...။

စာပေအနုပညာသမား ...။

လူထူးလူဆန်းတစ်ဦး ...။

စွန်းမင်းကျူးက ထိုဆရာရှုမဟာန်အကြောင်းကို သိလိုလှသည်။

ထို့ကြောင့် ...

စွန်းမင်းကျူးက ရှမ်းရှမ်းကို ဆရာရှုမဟာန်အကြောင်း မေးလိုက်သည်။

"ဆရာရှုမဟာန်က ဆေးလည်း ကုတတ်တယ်နော်"

ရှမ်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဆရာဟာ အဘက်ဘက်ကပြည့်စုံတဲ့ လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ၊ ဖေဖေ အဆိပ်သင့်ပြီး အိပ်ရာထဲ လဲနေတာ သုံးရက် တည်းနဲ့ ပျောက်အောင် ကုသပေးခဲ့တာပဲ ...၊

သူဟာ သမားတော်တစ်ယောက်လည်း ဖြစ်တယ် အစ်ကို၊ ကျွန်မကတော့ ဆရာ့ကို သိပ်လေးစားပါတယ်၊ ဆရာနဲ့ တွေ့လို့လည်း ကျွန်မရဲ့ လူတွေအပေါ် ထားတဲ့ အာဃာတတွေကို ငြိမ်းသတ်နိုင်ခဲ့တာပဲ ...၊

အခုလည်း ... ရှင်နဲ့ ကျွန်မရဲ့ ပြဿနာ ပြေလည်သွားပြီ မဟုတ်လား၊ အဲဒါ ... ဆရာ့ကျေးဇူးပဲပေါ့"

စွန်းမင်းကျူးက ...

"ဆရာရှမဟန်ဟာ ... အဘက်ဘက်က ပြည့်စုံတဲ့လူ တစ်ယောက် ဖြစ်မယ်တော့ မထင်ဘူး"

ရှမ်းရှမ်းက နားမလည်နိုင်စွာဖြင့် ပြန်လည်မေးခွန်းထုတ်လိုက်သည်။

"ဘယ်လို"

စွန်းမင်းကျူးက ဆက်ပြောသည်။

"အစ်ကို့ အထင်ပြောရရင်တော့ သူဟာ သိုင်းပညာတော့ တတ်လိမ့်မယ် မထင်မိဘူး၊ ဘာကြောင့်လဲဆိုတော့ သူဟာ စာပေ



အနုပညာတစ်ယောက်ဖြစ်တဲ့အတွက် စိတ်ထားအလွန်နူးညံ့မယ်လို့ အစ်ကိုထင်တယ်"

ရှမ်းရှမ်းက ခေါင်းကို ကမန်းကတန်း ခပ်သွက်သွက်ညိတ်လိုက်သည်။

"ဟုတ်တယ် အစ်ကို ... ဆရာသမားကို မုန်းသလို ဓားကို အားကိုးပြီး တိုက်ခိုက်နေကြတဲ့ သိုင်းပညာရှင်တွေကိုလည်း အင်မတန် မုန်းတယ်လို့ ကြားခဲ့ဖူးတယ် ...၊

ဒါကြောင့်ပဲ သူဟာ အစ်ကိုပြောသလိုပဲ သိုင်းပညာမတတ်ဘူးလို့ ကျွန်မလည်း ထင်မိတယ်"

စွန်းမင်းကျူးက ရှမ်းရှမ်းအား ပြုံး၍ကြည့်ပြီး ပြောလိုက်၏။

"ဒီလိုဆိုရင် သူဟာ အဘက်ဘက်က ပြည့်စုံတယ်လို့ ဘယ်ပြောလို့ဖြစ်တော့မလဲ"

ရှမ်းရှမ်းက ...

"အင်း ... အဲဒါတော့ ညီမလည်း မပြောတတ်တော့ပါဘူး အစ်ကိုရယ်"

စွန်းမင်းကျူးက မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါနဲ့ သူဟာ တိဗက်ပြည်သားတစ်ယောက်ဖြစ်ရဲ့ သားနဲ့ ဘာဖြစ်လို့ ပြည်မကို လာနေရတာလဲ၊ အဲဒါ ... ညီမကော သိလား"

ရှမ်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"ဆရာနဲ့ ခင်မင်ရင်းနှီးပေမယ့် ဆရာ့အကြောင်းကိုတော့ အကုန်လုံး မသိပါဘူး။ ကျွန်မ သိတာကတော့ ဆရာဟာ အင်မတန် ငြိမ်းချမ်းတဲ့လူတစ်ယောက်ပါ ...၊

သူ့မှာ လောဘဆိုတာလည်း မရှိဘူး၊ နောက်တစ်ချက်က တော့ သူဟာ မင်းသားခေါင်းဆောင်းထားတဲ့ အနက်ရောင်သိုင်း သမားတွေကို အလွန်မုန်းတယ်ဆိုတာပဲ"

စွန်းမင်းကျူးသည် အဝေးဆီသို့ မျှော်ငေးကြည့်နေရင်းမှ ...

"အစ်ကို့အထင်တော့ သူ့မှာ ကြီးမားတဲ့လျှို့ဝှက်ချက်ရှိရင် ရှိလိမ့်မယ်"

ထိုစကားကြောင့် ... ရှမ်းရှမ်းသည် ဒေါသထွက်သွားဟန် ဖြင့် ...

"ဘာလဲ ... ရှင်က ဆရာ့ကို မယုံဘူးဆိုတဲ့သဘောနဲ့လား"



စွန်းမင်းကျူးက ပျာပျာသလဲ လက်ကာပြလိုက်သည်။

"ဟာ ... မဟုတ်တာဗျာ၊ ကျုပ်ပြောတာက သူ့ကိုမယုံလို့ မဟုတ်ပါဘူး၊ ကျုပ် သူ့ကိုယုံလို့ပဲ၊ ခရီးအဝေးကြီးကနေ ဒီကိုရောက် ခဲ့တာပဲ စဉ်းစားကြည့် ...၊

ကျုပ် သူ့ရဲ့နာမည်နဲ့ သူ့ရဲ့အကြောင်းကို နည်းနည်းသိ ထားကတည်းက သူ့ကို တွေ့ချင်ခဲ့တာပါ၊ အခု ကျုပ် သူ့ကိုတွေ့ရ တော့ သိပ်ဝမ်းသာပါတယ်၊

ပြီးတော့ သူကလည်း ကျုပ်ကို ပျူပျူငှာငှာ ဆက်ဆံတဲ့ အတွက် ကျုပ် ပိုပြီးဝမ်းသာပါတယ်ဗျာ ... တကယ်ပါ"

ထိုအခါမှ ...

ရှမ်းရှမ်း၏မျက်နှာတွင် ဒေါသအရောင်များ ပြေလျော့သွား သည်။

သူသည် စွန်းမင်းကျူးအား တောင်းပန်သော မျက်လုံးအစုံ ဖြင့် ကြည့်လိုက်ပြီး ...

"ကျွန်မ စကားပြောလောသွားတဲ့အတွက် တောင်းပန်ပါ တယ် အစ်ကို"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကြော် ... ဒါ တောင်းပန်စရာမှမဟုတ်ဘဲ ညီမရယ်၊ ညီမ စိတ်ဆိုးသွားတယ်ဆိုတာလည်း ဖြစ်နိုင်ပါတယ်၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ဆရာသမားကို ဒီလိုပြောရင် ဘယ်တပည့်မှ ခံချင်မှာ မဟုတ်ဘူး၊ တောင်းပန်ချင်းတောင်းပန် အစ်ကိုကသာ ညီမကို တောင်းပန်ရမှာလေ ... ဟုတ်တယ်မဟုတ်လား"

ထိုစဉ်မှာပင် ...

ဘုံကျောင်းအတွင်းမှ ပလွေသံကို ကြားလိုက်ရလေတော့သည်။

ထိုအသံမှာကား ...

ရှုမဟာန်၏ပလွေသံပင် ဖြစ်သည်။

ရှုမဟာန်၏ပလွေသံသည် ဘုံကျောင်းအတွင်းမှ ပျံ့နှံ့လွင့်ပျံ့ ထွက်ပေါ်လာသည်။

စွန်းမင်းကျူးသည် ရှုမဟာန်၏ပလွေသံတွင် နစ်မျောသွားသည်။

ထို့အတူ ရှမ်းရှမ်းသည်လည်း ပလွေသံကြောတွင် မျောပါသွားလေ၏။

အတန်ကြာသောအခါ ...



ရှုမဟာန်၏ပလွေသံသည် တဖြည်းဖြည်း တိုးညင်းစွာ ပျောက်ကွယ်သွားလေ၏။

ထိုအခါမှ စွန်းမင်းကျူးက စကားစလိုက်သည်။

"ရှမ်းရှမ်း"

တိတ်ဆိတ်သောညဉ့်ယံအား စွန်းမင်းကျူး၏စကားသံက ဖြိုခွင်းလိုက်သည်။

စွန်းမင်းကျူး၏အသံကြောင့် ရှမ်းရှမ်းမှာ သတိဝင်လာပြီး လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ကမန်းကတန်း ထူးလိုက်မိသည်။

"ရှင်"

စွန်းမင်းကျူးက ...

"အစ်ကိုပြန်တော့မယ် ညီမ"

ရှမ်းရှမ်းက မျက်မှောင်ကြုတ်လိုက်ပြီး ...

"အစ်ကိုက ဘယ်ကိုပြန်မလို့လဲဟင်"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"ရွှေကျားဂေဟာကိုလေ"

ရှမ်းရှမ်း၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနက်မိုးလင်းမှ ပြန်လို့မဖြစ်ဘူးလား"

စွန်းမင်းကျူးက ခေါင်းညိတ်လိုက်ပြီး ...

"ဖြစ်တော့ဖြစ်ပါတယ်၊ ဒါပေမဲ့ ... အခုပဲ ပြန်တော့မယ် ညီမ"

ရှမ်းရှမ်းသည် စွန်းမင်းကျူးအား တစ်ချက်မော့ကြည့်လိုက်သည်။

အတန်ကြာမှ ရှမ်းရှမ်းက စကားစလိုက်လေသည်။

"အရေးကြီးတဲ့ကိစ္စ ရှိလို့လားအစ်ကို"

စွန်းမင်းကျူးက ခေါင်းခါယမ်းလိုက်သည်။

"အရေးကြီးတဲ့ကိစ္စတော့ မရှိပါဘူးညီမ၊ ဒါပေမဲ့ ... ဆရာ ရှမဟာန်က ပြန်ချင်တဲ့အချိန် ပြန်နိုင်တယ်လို့ ခွင့်ပြုထားလို့ပါ"

"ဟင်း"

ရှမ်းရှမ်းတစ်ယောက် သက်ပြင်းကို ညင်သာစွာချမိသွားသည်။

ထို့နောက် ...

ရှမ်းရှမ်းက စွန်းမင်းကျူးအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ...



"အစ်ကိုနဲ့ညီမတို့နှစ်ယောက်ကြားမှာ ဘာရန်ငြိုးမှ မရှိတော့ဘူးနော်"

စွန်းမင်းကျူးက ဦးခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ် ... အစ်ကိုတို့နှစ်ယောက်ကြားမှာ အခုအချိန်ကစပြီး ရန်ငြိုးဆိုတာ မရှိတော့ပါဘူး ညီမရယ်"

ရှမ်းရှမ်းက ပြုံးလိုက်ပြီး ...

"ဆရာဟာ အင်မတန် ငြိမ်းချမ်းရေးကိုလိုလားတဲ့ စာပေအနုပညာရှင်တစ်ယောက်ပါ အစ်ကို"

"အစ်ကိုယုံပါတယ် ညီမရယ်"

စွန်းမင်းကျူးက ရှမ်းရှမ်းအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ကဲ ... အစ်ကို ပြန်တော့မယ်၊ ဆရာ့ကိုလည်း နှုတ်ဆက်ခဲ့ပါတယ်လို့ ပြောပေးပါ"

ရှမ်းရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

စွန်းမင်းကျူးသည် တံမျိုးနွယ်စု ဘုံကျောင်းလေးအား ကျောခိုင်းထွက်ခွာသွားလေသည်။

ထိုအခိုက် ...

www.burmeseclassic.com

www.burmeseclassic.com



တိမ်မည်းညိုတစ်အုပ်သည် မှိန်ဖျော့ဖျော့သာနေသော လဝန်းကြီးအား ဖုံးအုပ်လိုက်လေတော့သည်။

★★★



## အခန်း (၁၁)

နေဝန်းနီသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းတွင် ခေါင်းပြူ၍ ထွက်ပေါ်လာသည်။

ထိုစဉ် ...

အပြင်းမောင်းနှင်လာသော မြင်းတစ်စီးသည် ရွှေကျားဂေဟာ၏ခြံဝင်းရှေ့တွင် တုံ့ခနဲ ရပ်တန့်သွားသည်။

ရွှေကျားဂေဟာ ခြံတံခါးသည် ပိတ်လျက်ရှိနေသည်။

ရွှေရောင်တောက်ပနေသော ရွှေကျားရုပ်ကြီးသည် စွန်းမင်းကျူးအား ကြည့်နေ၏။

စွန်းမင်းကျူးသည် ရွှေကျားရုပ်ကြီးနားသို့ လျှောက်သွားကာ လူခေါ်ကြေးကွင်းကို ကိုင်၍လှုပ်လိုက်သည်။

'ဂျောင်း'

'ဂျောင်း ... ဂျောင်း'

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသော နံနက်ခင်းအား ကြေးကွင်းမြည်သံက ဖြိုခွင်းလိုက်လေ၏။

မကြာမီမှာပင် ...

ရွှေကျားဂေဟာ၏ခြံဝင်းတံခါးကြီး ပွင့်လာသည်။

ထို့နောက် ... တံခါးထဲမှ ခေါင်းတစ်လုံး ပြူထွက်လာလေ၏။

တံခါးစောင့်အဘိုးအိုသည် စွန်းမင်းကျူးအား စေ့စေ့ကြည့်လိုက်သည်။

ထို့နောက် မှတ်မိသွားဟန်ဖြင့် ဦးခေါင်းကို တစ်ချက်ဆတ်ကာ ...

"သြော် ... မင်းကိုး"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော် စွန်းမင်းကျူးပါ"

တံခါးစောင့်အဘိုးအိုက မျက်မှောင်ကြုတ်လိုက်ပြီး ...

"မင်းပျောက်နေလို့ ဂိုဏ်းချုပ်ကြီးက စိုးရိမ်နေတယ်ဆိုတာ မင်းသိရဲ့လား"

စွန်းမင်းကျူးက ခေါင်းညိတ်လိုက်သည်။



"ဟုတ်ကဲ့ ... ကျွန်တော် ယုံကြည်ပါတယ်၊ ဒီတစ်ခါတော့ ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ဝင်ခွင့်ပြုပါတယ်ခင်ဗျာ"

တံခါးစောင့်အဘိုးအိုက ဟက်ခနဲ တစ်ချက်ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... မင်းရဲ့သိုင်းပညာဟာ အင်မတန် အဆင့်မြင့်တယ်၊ ငါကိုယ်တိုင်ကြုံရတော့ သိတာပေါ့၊ နောက်ပြီး လူတွေက ပြော ..."

စွန်းမင်းကျူးက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး ...

"ထင်လို့ပါဗျာ၊ ဒါနဲ့ နေပါဦး ... ဘယ်သူက ပြောတာလဲ"

တံခါးစောင့်အဘိုးအိုက ရွှေကျားဂေဟာဘက်သို့ မေးငေါ့ပြလိုက်ပြီး ...

"ဂိုဏ်းချုပ်ကြီးနဲ့ ဂိုဏ်းချုပ်ကြီးရဲ့သမီး စုချူးမေက ပြောတယ်"

စွန်းမင်းကျူးက ရွှေကျားဂေဟာအဆောက်အအုံကြီးအား လှမ်းကြည့်လိုက်ပြီး ...

"သူတို့ပြောရင်တော့ ကျွန်တော်လည်း မပြောတတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တံခါးစောင့်အဘိုးအိုသည် စွန်းမင်းကျူးအား စေ့စေ့ကြည့်လိုက်ပြီး ...

"မင်းနဲ့ပတ်သက်ပြီး သတင်းနှစ်ခုလည်း ငါကြားတယ်၊ အဲဒါ ငါ မင်းကို မေးရဦးမယ်"

စွန်းမင်းကျူးက ခေါင်းညိတ်လိုက်သည်။

"မေးလေ ... ကျွန်တော်သိရင်တော့ ဖြေမှာပေါ့"

တံခါးစောင့်အဘိုးအိုက စွန်းမင်းကျူးအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"မင်း မကြာမီအချိန်မှာ ရွှေကျားဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်တော့မယ်ဆို"

စွန်းမင်းကျူး ခေါင်းကို လေးပင်စွာ ညိတ်ပြလိုက်ပြီး ...

"ဟုတ်ကဲ့ ... ဂိုဏ်းချုပ်ကြီးစုက ကျွန်တော့်ကို ဒီကိစ္စ ပြောပြီးပါပြီ၊ နောက်သတင်းတစ်ခုဆိုတာက ဘာတဲ့လဲဗျ"

တံခါးစောင့်အဘိုးအိုက ...

"နောက်တစ်ခုကတော့ အပေါ်ယံကြည့်ရင် မင်္ဂလာသတင်းလို့ ထင်ရတာပဲ"

"ဘယ့်နှယ်ဗျာ ... အပေါ်ယံကြည့်ရင် မင်္ဂလာသတင်းဆိုတော့ အတွင်းနှိုက်ကြည့်ရင် မင်္ဂလာသတင်း မဟုတ်သလိုဘဲ"



"ဟုတ်တယ်လေ ... ဒါ အမှန်တရားပဲ ထားပါ၊ ဂိုဏ်းချုပ်ကြီးရဲ့သမီး သခင်မလေးနဲ့ မင်းကို လက်ထပ်ထိမ်းမြားပေးမယ်ဆိုတဲ့သတင်းပဲ"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"ဒီသတင်းလည်း မမှားပါဘူး၊ ဂိုဏ်းချုပ်ကြီးစုကလည်း ကျွန်တော်နဲ့ ဒီကိစ္စကို ဆွေးနွေးပြီးပါပြီ"

တံခါးစောင့်အဘိုးအိုက စွန်းမင်းကျူးအား တစ်ချက်ကြည့်လိုက်ပြီး ...

"ဒါဆို မင်းက မကြာခင်မှာ ရွှေကျားဂိုဏ်းနဲ့ ကောင်းစားမယ့် လူတစ်ယောက်ပဲ၊ မင်းကို ငါ ရိုရိုသေသေဆက်ဆံမှ ငါ့အတွက် ကောင်းမယ်ထင်တယ်"

စွန်းမင်းကျူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော်ကောင်းစားရင် ခင်ဗျားကိုလည်း ထိုက်သင့်သလို မြှောက်စားမှာပါ၊ ကျွန်တော့်ညွှန်ကြားချက်တွေကို လိုက်နာရင်ပေါ့လေ"

ထိုစကားကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



တံခါးစောင့်အဘိုးအိုသည် သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား"

စွန်းမင်းကျူးက သူ့အား နားမလည်နိုင်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ရယ်တာလဲဗျ"

တံခါးစောင့်အဘိုးအိုက ရယ်မောရာမှ ရပ်လိုက်၏။

"ရယ်စရာ တွေ့လို့ပေါ့ကွ၊ မင်းဟာ ထောင်ချောက်တွေနဲ့ ဆင်ထားတဲ့ကြားက သိုးတစ်ကောင်လိုပဲ၊ အေး အေး ... ကြိုးစား ကြည့်ဦးပေါ့ကွာ"

တံခါးစောင့်အဘိုးအို၏စကားသည် မည်သည့်အဓိပ္ပာယ် ဆောင်နေသည်ကို စွန်းမင်းကျူး နားမလည်ပါချေ။

သူသည် ပြဿနာတစ်ရပ်ကို ကြာရှည်စွာ တွေးတောရင်းဖြင့် အချိန်ထိုင်ဖြုန်းနေတတ်သော လူစားမျိုး မဟုတ်ပါချေ။

ထို့ကြောင့် ...

စွန်းမင်းကျူးက လေသံခပ်ပြတ်ပြတ်နှင့် ...

"ကျုပ် ဘာမှကြိုးစားဖို့မလိုပါဘူး၊ မြွေရှိတဲ့တွင်းဟာ ဘယ်



တုန်းကမှ ကောက်တယ်လို့ မရှိပါဘူး၊ ကျုပ်ကတော့ ကျုပ်လမ်းကို ဖြောင့်ဖြောင့်သွားနေတယ်"

တံခါးစောင့်အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ် ... ကောင်းတယ်၊ ဖြောင့်ဖြောင့်သွားနေတဲ့ လမ်းပေါ်မှာ ဆူးတွေ့ရင် ကြည့်ရှောင်သွားတာပေါ့ကွာ"

စွန်းမင်းကျူး၏မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားလေသည်။

သူသည် မဲ့ပြုံးပြုံးလိုက်ပြီး ...

"ရွှေကျားဂေဟာကြီးဟာ အခင်မတန်လှပတဲ့ ခြံဝင်းကြီးထဲမှာ ရှိနေတယ်လို့ ကျုပ်ကြားဖူးခဲ့တယ်၊ ဆူးခြောင့်ခလုတ်တွေ ရှိနေမယ်လို့ ကျုပ်မထင်မိဘူး"

တံခါးစောင့်အဘိုးအိုက ပြုံးပြီး ပြောလိုက်သည်။

"မင်းကို ငါ အကြံတစ်ခု ပေးချင်တယ်"

"ဟုတ်ကဲ့ ပြောပါ ... ကောင်းတဲ့အကြံဉာဏ်မှန်သမျှ လက်ခံနိုင်ပါတယ်"

"မင်း ဒီခြံဝင်းထဲမှာလာပြီး ဂိုဏ်းချုပ်လုပ်မယ့်အစား စာပေ သမား လက်ဘသမားလုပ်တာ ပိုကောင်းပါတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးက ပြောလိုက်၏။

"ဘာဖြစ်လို့လဲဗျ"

တံခါးစောင့်အဘိုးအိုက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ အင်မတန် စကားပြောကောင်းလို့ပဲ"

စွန်းမင်းကျူးက သဘောကျစွာ ရယ်မောလိုက်သည်။

"စကားပြောကောင်းတာနဲ့ စာပေသမားဖြစ်တာ တခြားစီပါဗျာ၊ စာပေသမားဟာ စကားပြောကောင်းဖို့ မလိုပါဘူး၊ စာရေးတဲ့အခါ အတွေးကောင်းဖို့ပဲ လိုပါတယ်"

"ဒါပေမဲ့ ငါ မင်းကို တစ်ခုပြောမယ်"

တံခါးစောင့်အဘိုးအိုက ပြောလိုက်သည်။

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ပြောပါ"

တံခါးစောင့်အဘိုးအိုက တည်ကြည်လေးနက်သော မျက်နှာထားနှင့် ...

"ဒီလောကကြီးမားတဲ့ ရွှေကျားဂေဟာကြီးထဲမှာ ပြောင့်ခလုတ်တွေ ရှိနေရင်ကော မင်းက ဘယ်လိုလုပ် သိနိုင်မှာလဲ"



စွန်းမင်းကျူးက ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး ...

"ဒါတော့ ကံတရားပဲပေါ့ဗျာ"

တံခါးစောင့်အဘိုးအိုက ပြုံးလိုက်ပြီး ...

"အေး ... ငါလည်း မင်းကို ကံကောင်းပါစေလို့ ဆုတောင်းပေးနေပါ့မယ်"

စွန်းမင်းကျူးသည် တံခါးစောင့်အဘိုးအိုအား နှုတ်ဆက်ပြီး ခြံဝင်းအတွင်းသို့ ဝင်လိုက်လေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



ဤအဘိုးအိုနှင့် စကားပြောရသည့်အတွက် အဖိုးတန်အချိန်များ အချည်းနှီးကုန်ဆုံးရသည်။

ထို့ပြင် ...

သူ့ စိတ်အနှောင့်အယှက်ဖြစ်ရသည်။

ရွှေကျားဂေဟာ၏ဆင်ဝင်အောက်သို့ ရောက်သည်အထိ သူ၏အတွေးစများမှာ ပြတ်တောက်သွားခြင်း မရှိသေးပါ။

သူသည် တံခါးစောင့်အဘိုးအို၏စကားများကို ကြားယောင်နေဆဲပင် ဖြစ်သည်။

"အေး ... ငါလည်း မင်းကို ကံကောင်းပါစေလို့ ဆုတောင်းပေးနေပါ့မယ်"

ဆိုသည့်စကားပင် ဖြစ်သည်။

ထိုစဉ် ...



ရွှေကျားဂေဟာအတွင်းမှ လူတစ်ယောက်ထွက်လာသည်။

ရွှေကျားကိုဏ်းချုပ် စုချူးထင်း၏ညီ စုထင်းဝမ်ပင် ဖြစ်သည်။

စုထင်းဝမ်က ...

"ဪ ... မင်းကိုး"

စွန်းမင်းကျူးသည် စုထင်းဝမ်၏ မပျူငှာသောဆက်ဆံရေးကြောင့် သံသယဝင်မိလေသည်။

"အင်း ... သတိဆိုတာ ပိုတယ်လို့မရှိဘူး၊ လိုတာသာ ရှိတယ်၊ ဒီလူကိုလည်း သတိထားရမယ်"

စွန်းမင်းကျူးသည် ယင်းသို့ စိတ်ထဲတွင် တွေးလိုက်မိလေသည်။

ထိုစဉ်မှာပင် ...

စုထင်းဝမ်၏စကားသံ ထွက်ပေါ်လာလေသည်။

"မင်းအတွက် အစ်ကိုကြီးက သိပ်စိုးရိမ်နေတယ်၊ မင်း အခု ဘယ်ကပြန်လာတာလဲ"

စွန်းမင်းကျူးက ခပ်ပေါ့ပေါ့ပင် ပြန်ဖြေလိုက်လေသည်။

"အပြင်က ပြန်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



စုထင်းဝမ်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး ...

"ဘယ်အပြင်က ပြန်လာတာလဲ"

စွန်းမင်းကျူးသည် ထိုစကားကြောင့် စုထင်းဝမ်အား လှမ်းကြည့်လိုက်လေသည်။

စုထင်းဝမ်၏မျက်နှာသည် လွန်စွာသိရခက်သော မျက်နှာပင်ဖြစ်သည်။

သူသည် စွန်းမင်းကျူးအား ပြန်၍စိုက်ကြည့်နေလေတော့သည်။

စွန်းမင်းကျူးက တစ်ချက်ရယ်မောလိုက်ပြီး ...

"အပြင်ဆိုတာ အထဲမဟုတ်တာ သေချာတာပေါ့ဗျာ"

စွန်းမင်းကျူး၏စကားမှာ အောက်ကလိအာစကား ဖြစ်သည်။

ထိုစကားသည် စုထင်းဝမ်၏စိတ်နှလုံးကို ရွှင်လန်းစေလိမ့်မည် မဟုတ်ချေ။

သူသည် စွန်းမင်းကျူးအား မျက်မှောင်ကြည့်ကြည့်လိုက်ပြီး ...

"လောကမှာ အပြင်ဆိုတာ အများကြီးပဲ၊ ငါမေးနေတာက



ဘယ်အပြင်လဲ၊ ခိုင်ဖုန်းလား၊ စုကျိုးလား၊ ကွမ်းယင်လား၊ ဒါမှမဟုတ် ယိစစ်လား"

စွန်းမင်းကျူးက ဘုဆတ်ဆတ်ပြန်ပြောလိုက်သည်။

"တစ်ခုမှ မဟုတ်ဘူး"

စုထင်းဝမ်မေးလိုက်သည်မှာ မြို့အမည်များပင် ဖြစ်သည်။

စုထင်းဝမ်သည် စွန်းမင်းကျူး၏ပြောပုံဆိုပုံကို သဘောမကျဟန်ဖြင့် ...

"မင်းလေသံက မာလှချည်လားကွ"

စွန်းမင်းကျူးက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားမေးတဲ့မေးခွန်းတွေကို ကျုပ် အချိန်ကုန်ခံပြီး ပြန်ဖြေဖို့မလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ရွှေကျားဂေဟာမှာ ဘာကောင်မှ မဟုတ်လို့ဘဲ"

စုထင်းဝမ်သည် တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်လိုက်သည်။

'တောက်'

စွန်းမင်းကျူးသည် စကားကို ခေတ္တရပ်လိုက်ပြီး တစ်လုံးချင်း ဆက်ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမြောနေတာတွေသာ အပိုတွေပဲဆိုတာ ကျုပ် သိ
နေတယ်၊ ကျုပ် အပြင်ထွက်ဖို့ ရွှေကျားဂိုဏ်းချုပ်ကြီးကို ပြောပြီးမှ
အပြင်ထွက်တာဗျ"

စွန်းမင်းကျူး၏စကားသည် စုထင်းဝမ်၏အရှိက်ကို လက်
သီးဖြင့် တည့်တည့်ထိုးလိုက်သကဲ့သို့ ဖြစ်သွားလေသည်။

စုထင်းဝမ်သည် ဒေါသခြောင်းခြောင်း ထွက်သွားလေ
သည်။

"ဘာကွ ... မင်း ဘာပြောတာလဲ"

စွန်းမင်းကျူးက ခပ်လှောင်လှောင်ပြုံး၍ ထပ်ပြောလိုက်
ပြန်သည်။

"ကျုပ်ပြောတာ အရှင်းကြီးပဲ၊ ရွှေကျားဂေဟာမှာ ခင်ဗျား
ဟာ ဘာအရေးပါအရာရောက်လို့လဲ"

"သြော် ... မင်း တော်တော်လေကျယ်တဲ့ကောင်ပဲ၊ မင်းကို
ငါ့အကြောင်းပြရသေးတာပေါ့ကွာ"

ပြောပြောဆိုဆို စုထင်းဝမ်သည် နောက်သို့ ခြေတစ်လှမ်း
ဆုတ်လိုက်သည်။

ဤသည်မှာ ...



ရှေ့သို့တိုက်ခိုက်ရန် အားယူလိုက်ခြင်းပင် ဖြစ်သည်။

ထို့နောက် တစ်ဆက်တည်း စွန်းမင်းကျူးကို ဓားနှင့်ခုတ်
ပိုင်းလိုက်သည်။

ယင်းသို့ပြုလုပ်လိုက်ခြင်းမှာ စုထင်းဝမ်၏အမှားပင် ဖြစ်
သည်။

ချက်ချင်းပင် ...

စွန်းမင်းကျူးသည် လက်ဝါးရိုက်ချက်တစ်ခုကို ထုတ်သုံး
လိုက်လေသည်။

'ဖုပ်'

'ဝုန်း'

ဟူသော အသံတစ်ခု ထွက်ပေါ်လာလေသည်။

စုထင်းဝမ် ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စဉ်ထွက်သွားပြီး
သူ၏ဓားက စွန်းမင်းကျူး၏လက်တွင် ကျန်ရစ်ခဲ့သည်။

စွန်းမင်းကျူးသည် စုထင်းဝမ်၏လက်ထဲမှ လုယူထားသော
ဓားကို ဟိုဘက်သည်ဘက် လှည့်ကြည့်ပြီးနောက် သရော်ပြုံးပြုံးကာ
ချိုးပစ်လိုက်လေ၏။

'ထန်း'

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

သူသည် စုထင်းဝမ်၏ဓားအား စုထင်းဝမ်လဲကျနေရာနား သို့ လွှင့်ပစ်လိုက်သည်။

မကြာမီ ...

စုထင်းဝမ်သည် မြေပြင်မှ လူးလိမ့်ထလာပြီး စွန်းမင်းကျူး အား ထိတ်လန့်အံ့ဩစွာ လှမ်း၍ကြည့်နေလေ၏။

စွန်းမင်းကျူးက ...

"ခင်ဗျား ကျုပ်ကို ဘယ်လိုဆက်ဆံတာလဲ၊ ကျုပ်ဟာ ရွှေ ကျားဂေဟာကို ရောက်လာတဲ့ ဧည့်သည်ပဲ၊ ခင်ဗျားတို့ဂိုဏ်းချုပ်ကြီး က ကျုပ်ကို ဖိတ်ခေါ်လို့ လာခဲ့တာဗျ ... လာချင်လွန်းလို့ လာတာ မဟုတ်ဘူး ...၊

ဒီလိုဧည့်သည်မျိုးကို ခင်ဗျား ဘယ်လိုဆက်ဆံတာလဲ၊ ဒီလို မဆက်ဆံပါနဲ့၊ ရန်သူလိုဆက်ဆံတယ်ဆိုတော့ ကျုပ်က ခင်ဗျားကို ရန်သူလို ပြန်သတ်မှတ်ဆက်ဆံရမှာလား၊ ဒါဟာ နောက်ဆုံးအကြိမ် ပဲ ဖြစ်ပါစေ၊ နောက်တစ်ကြိမ်တော့ ကျုပ် သည်းခံနိုင်လိမ့်မယ် မထင် ဘူး"

ထိုစဉ်မှာပင် ...



စွန်းမင်းကျူးတို့နှစ်ယောက်အနားသို့ လူတစ်ယောက် ရောက်လာလေသည်။

ထိုသူမှာ ရွှေကျားဂိုဏ်းချုပ် စုချူးထင်းပင် ဖြစ်သည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် သူတို့နှစ်ယောက်အား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် ...

ညီဖြစ်သူ စုထင်းဝမ်အား လေသံခပ်မာမာဖြင့် ...

"ငါ အစအဆုံးမြင်တယ် ထင်းဝမ်၊ ခုကိစ္စမှာ မင်း လွန်တယ် လို့ ငါယူဆတယ်၊ ကဲ ... မင်း သွားတော့"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် ဤသို့ပြောပြီး ညီဖြစ် သူ စုထင်းဝမ်အား နှင်လွှတ်လိုက်လေသည်။

စုထင်းဝမ်သည် ဘာမျှပြန်မပြောဘဲ ထိုနေရာမှ ထွက်ခွာ သွားလေတော့သည်။

သို့သော် သူ ကျေနပ်ပုံမပေါ်ပေ။

"လာ ... စွန်းမင်းကျူး"

ရွှေကျားဂိုဏ်းချုပ်စုချူးထင်းသည် စွန်းမင်းကျူးအား လှမ်း ခေါ်ပြီး ရှေ့မှထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးမှာလည်း ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏နောက်မှ ခပ်မဆိုင်း လိုက်ပါသွားလေတော့သည်။

★★★



## အခန်း (၁၂)

ဤနေရာသည် ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏ဂေဟာကြီးပင် ဖြစ်ပါသည်။

သို့သော် ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် သူ၏ဂေဟာကြီးတွင် ရှိမနေချေ။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် သူ၏ဂိုဏ်းသားများနှင့် အတူ ကိစ္စတစ်ခုရှိသည်ဆိုပြီး သူ၏ရွှေကျားဂေဟာအတွင်းမှ မင်းရှက်ပြည်နယ်သို့ ခရီးထွက်ခွာသွားခဲ့သည်။

ထို့ကြောင့် ...

ရွှေကျားဂေဟာထဲတွင် စုချူးမေတို့ တူဝရီးနှင့် စွန်းမင်းကျူးတို့သာ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ...

စုထင်းဝမ်သည် စွန်းမင်းကျူးနှင့် မျက်နှာချင်းမဆိုင်လို၍ ခြံထဲသို့ ဆင်းသွားခဲ့သည်။

ထို့ကြောင့် ...

ရွှေကျားဂေဟာအတွင်း၌ တိတ်ဆိတ်ငြိမ်သက်မှုကသာ စိုးမိုးနေတော့သည်။

★



စွန်းမင်းကျူးနှင့် စုချူးမေတို့နှစ်ယောက်သည် ဧည့်ခန်းထဲတွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

"ဂိုဏ်းချုပ်ကြီးက ဘယ်ကိုသွားတာလဲ"

စွန်းမင်းကျူးသည် တိတ်ဆိတ်ငြိမ်သက်ခြင်းအား သူ၏စကားသံဖြင့် စတင်ဖြိုခွင်းလိုက်သည်။

စုချူးမေက သူ့အား တစ်ချက်ကြည့်လိုက်ပြီး ...

"မင်းရွက်နယ်ကို သွားတာပါ"

စွန်းမင်းကျူးက မျက်မှောင်ကြုတ်သွားသည်။

"ဘာကိစ္စနဲ့လဲ"

စုချူးမေက မဖြေချင် ဖြေချင်လေသံဖြင့် ...

"ပစ္စည်းတစ်ခု သွားယူတာပါ"

စုချူးမေ၏စကားထဲတွင် ပစ္စည်းတစ်ခုဟု ဆိုလိုက်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘာပစ္စည်းလဲ၊ ဘာအတွက် သွားယူတာလဲ စွန်းမင်းကျူး သိချင်လာ
သည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းတို့အဖွဲ့ ခရီးထွက်ခွာသွားခြင်း
ကိုလည်း သူ အလွန်စိတ်ဝင်စားသည်။

'ဘာပစ္စည်းတွေ ယူသွားသလဲ'

'ရွှေကျားဂိုဏ်း ဘာတွေလုပ်နေသလဲ'

'ခြံစောင့်အဘိုးအို ပြောသည့်စကားသည် ဤကိစ္စနှင့် ဆက်
စပ်နေသလား'

စွန်းမင်းကျူး၏စိတ်ထဲတွင် ဤမေးခွန်းများ ဖြစ်ပေါ်လာမိ
၏။

သူသည် ထိုမေးခွန်းများကို စုချူးမေအား မေးမြန်းမည်ဟု
ဆုံးဖြတ်လိုက်သည်။

ထို့နောက် စွန်းမင်းကျူးက စကားစလိုက်သည်။

"ဂိုဏ်းချုပ်ကြီးစုက အခု ဘာစီးပွားရေးများ လုပ်ကိုင်နေ
လဲ"

စုချူးမေသည် စွန်းမင်းကျူးအား မျက်စောင်းတစ်ချက် ထိုး
၍ ကြည့်လိုက်လေသည်။



သူမ၏စိတ်ထဲတွင်လည်း သူသည် တော်တော်စပ်စုတယ်
ဟု တွေးလိုက်မိသည်။

အမှန်မှာလည်း စွန်းမင်းကျူးက စပ်စုလိုက်ခြင်း ဖြစ်၏။
သူသည် ယခုထက်ပင် ပို၍စပ်စုရပေလိမ့်ဦးမည်။

စုချူးမေက မဖြေချင်ဖြေချင် လေသံဖြင့် ...

"ဖေဖေ အခုလုပ်နေတဲ့ အဓိကလုပ်ငန်းကတော့ အရောင်း
အဝယ်လုပ်ငန်းပါပဲ"

"ဪ"

သို့သော် ...

စွန်းမင်းကျူးက ထပ်၍စပ်စုလိုက်ပြန်သည်။

"ဘယ်သူနဲ့ ဆက်သွယ်ပြီး လုပ်တာလဲ ညီမ"

စုချူးမေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"မင်းရွက်က မြို့စားဟောင်း လုမန်းထုံနဲ့ ဆက်သွယ်မိပြီး
လုပ်ကြတာပါ"

စွန်းမင်းကျူးသည် ထိုစကားကို ကြားလိုက်ရသဖြင့် မျက်
လုံးကွက်ခနဲပျက်သွားလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



လုမန်းထုံ ...။

မြို့စားဟောင်း လုမန်းထုံသည် အလွန်ကောက်ကျစ်စဉ်းလဲ
သော ပုဂ္ဂိုလ်တစ်ယောက်သာ ဖြစ်သည်။

သူသည် ယခုအချိန်တွင် နောက်ကွယ်၌ စားပြဂိုဏ်းတ
ဂိုဏ်းကိုလည်း တိတ်တဆိတ် ဖွဲ့စည်းတည်ထောင်ထားကြောင်း စွ
မင်းကျူး သိရှိထားလေသည်။

ဤသို့ မသမာသောအပြုအမူမျိုးရှိသောကြောင့် မြို့စ
ရာထူးမှ ပြုတ်သွားခြင်းဖြစ်သည်။

မြို့စားရာထူးမှ ပြုတ်သွားသော်ငြားလည်း သူနှင့်ဒုစရိ
မှုများ ဆက်နွယ်မှုများ ရှိနေသေးသည်ဟု လုံခြုံရေးတာဝန်ခံများ
အစီရင်ခံထားသဖြင့် အမတ်ချုပ်ကြီးသည် မြို့စားဟောင်း လုမ
ထုံအား စောင့်ကြည့်နေကြောင်း စွန်းမင်းကျူး သိရှိထားသည်။



အမှန်စင်စစ် ...

လုမန်းထုံသည် အလွန်လျှို့ဝှက်ပိရိသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သဖြင့် သူ၏လှုပ်ရှားမှုမှာ အလွန်ပိရိသေသပ်လှသည်။

ထို့ကြောင့် ...

သူ့အား သက်ဆိုင်ရာတာဝန်ရှိသူများက ဖမ်းမမိနိုင်ဘဲရှိနေကြသည်။

သက်ဆိုင်ရာ တာဝန်ခံသည် သူ့အား အလိုရှိသော်လည်း လက်ရဖမ်းဆီးရန်အတွက်ကိုမူ လုံလောက်သောသက်သေ အထောက်အထား ရှာ၍မရနိုင်သဖြင့် အတော်ကသိကအောက် ဖြစ်နေကြရလေသည်။

★



www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးသည် လုမန်းထုံ၏အကြောင်းကို စဉ်းစားနေသောကြောင့် ရုတ်တရက် စုချူးမေက မေးလိုက်သဖြင့် သူ့အတွေးများသည် ပျက်သွားပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"အစ်ကိုက လုမန်းထုံကို သိလို့လား"

စွန်းမင်းကျူးက ဦးခေါင်းကို ခပ်သွက်သွက် ခါယမ်းလိုက်သည်။

"ကြားတော့ကြားဖူးတယ်၊ လူကိုတော့ မသိပါဘူး၊ ဒါနဲ့ သူ အခု ဘာလုပ်ငန်းတွေ လုပ်နေလဲ"

စုချူးမေက ခပ်ပေါ့ပေါ့ပင် ပြန်ဖြေလိုက်သည်။

"ဖေဖေပြောတော့ သူလည်း အရောင်းအဝယ်ပဲ လုပ်နေတယ်တဲ့"

စွန်းမင်းကျူးက ထပ်၍မေးလိုက်ပြန်သည်။



"ညီမ သူ့ကိုမြင်ဖူးလား"

စုချူးမေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ … မြင်ဖူးပါတယ်၊ သူက ညီမတို့ဂေဟာကို လေးခေါက်လောက်တော့ လာလည်ဖူးတယ်၊ ကြည့်ရတာတော့ တည်တည်ကြည်ကြည်ပါပဲ"

စွန်းမင်းကျူးသည် အံ့ဩသွားသည်။

"သြော်"

နှစ်ဦးသား စကားစပြတ်သွားကြပြီး ပြန်လည်ငြိမ်သက်သွားကြပြန်သည်။

အတန်ကြာမှ စွန်းမင်းကျူးက စကားစလိုက်ပြန်သည်။

"ညီမနဲ့ ဆရာရှမဟာန်နဲ့ တော်တော်ရင်းနှီးသလား"

စုချူးမေက သူ့အား တစ်ချက်ကြည့်လိုက်ပြီး …

"အရမ်းကြီးတော့ ရင်းနှီးတာမျိုး မဟုတ်ပါဘူး၊ ဒါပေမဲ့ … ဆရာရှမဟာန်ကိုတော့ ကျွန်မ လေးစားတယ်"

စွန်းမင်းကျူးက ခေါင်းညိတ်လိုက်ပြီး …

"ဟုတ်တာပေါ့၊ ညီမက သူ့ကို ဘာဖြစ်လို့ လေးစားရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမသည် အေးဆေးတည်ငြိမ်သောလေသံဖြင့် ...

"ဆရာဟာ လေးစားထိုက်တဲ့ လူတစ်ယောက်မို့ ကျွန်မ စဉ်းစားမိတာပဲ၊ အမှန်ဆိုရင် သူဟာ စိတ်ထား အင်မတန်နူးညံ့တဲ့ စာပေသမားတစ်ယောက်ပါ၊ သိုင်းလောကနဲ့တော့ လုံးဝမအပ်စပ်ပါဘူး"

စွန်းမင်းကျူးသည် စုချူးမေ၏စကား ဆုံးသွားသည်နှင့် ...

"သူဟာ ဂိုဏ်းချုပ်ကြီးစုနဲ့ သူက အဆင်မပြေဘူး မဟုတ်လား"

စုချူးမေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် အစ်ကို ... ဖေဖေက သူ့ကို စိတ်ဝေဒနာရှင်တစ်ယောက်လို့ စွပ်စွဲတယ်လေ၊ ကျွန်မကတော့ ဆရာရှမဟာန်ကို စိတ်ဝေဒနာရှင်တစ်ယောက်လို့ မထင်မိပါဘူး၊ သူဟာ တကယ် အေးချမ်းတာပဲ"

စွန်းမင်းကျူးက စုချူးမေ၏မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီး ...

"ညီမ ... ရှမ်းရှမ်းကိုသိလား"

စုချူးမေက ခေါင်းညိတ်လိုက်သည်။



"သိပါတယ်၊ ရှမ်းရှမ်းဆိုတဲ့ ကောင်မလေးဟာ အစ်ကိုဟုန်ကျွမ့်ရဲ့ညီမလေးပဲ"

စွန်းမင်းကျူးက စကားဆက်လိုက်ပြန်သည်။

"ဒါဆိုရင် သူတို့မောင်နှမက ဘာဖြစ်လို့ မျိုးရိုးမတူတာလဲ၊ ရှမ်းရှမ်းက ရှမ်းမျိုးနွယ်၊ သူ့အစ်ကိုဟုန်ကျွမ့်က ဟုန်မျိုးနွယ်ပဲ၊ ဘယ်လိုလုပ်ပြီး မောင်နှမ တော်နေကြတာလဲဟင်"

သူ၏စကားကြောင့် စုချူးမေသည် မျက်မှောင်ကြုတ်၍သွားလေသည်။

ထို့နောက် ...

စွန်းမင်းကျူး မသိသေးသောအချက်ကို ရှင်းပြလိုက်လေသည်။

"အစ်ကိုဟုန်ကျွမ့်က ငယ်နာမည်ပါ၊ အစ်ကိုဟုန်ကျွမ့်ရဲ့ နာမည်အရင်းက ရှမ်းယန့်ပါ"

"ဪ"

စွန်းမင်းကျူးသည် အံ့သြသွားသော စကားကို ဆက်လိုက်ပြန်သည်။

"ရှမဟာန်က ညီမကို တော်တော်ခင်ပုံရတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူး၏စကားကြောင့် စုချူးမေ၏မျက်နှာမှာ ရဲခနဲ ဖြစ်သွားသည်။

စွန်းမင်းကျူး၏စကားအား သူမသည် တစ်မျိုးတစ်မည် အဓိပ္ပာယ် ကောက်ယူမိသွားသောကြောင့် ရှက်သွားဟန်တူလေသည်။

သူမသည် ရှက်သွေးဖြာသောအမူအရာဖြင့် ပြန်ပြောလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်မကို ဆရာရှမဟန်က သူ့ညီမလိုတစ်မျိုး၊ တပည့်လိုတစ်မျိုး ချစ်တာပါ၊ ဆရာဟာ သူနဲ့ရင်းနှီးသူတိုင်းကို အဲဒီလိုမေတ္တာမျိုးပဲထားတယ်၊ သိအပ်, မှန်အပ်, ဆောင်အပ်တဲ့ စကားတွေလည်း ပြောတတ်တယ်၊ အဲဒါ ဆရာရှမဟန်နဲ့ကျွန်မတို့ရဲ့ ဆက်ဆံရေးပါ"

စွန်းမင်းကျူးက သူမအား တစ်ချက်ကြည့်လိုက်ပြီး ...

"ဟုတ်ပါတယ်၊ ဒါနဲ့ ဂိုဏ်းချုပ်ကြီးစုရဲ့ စီစဉ်မှုကိုကော ညီမ ဘယ်လိုသဘောရသလဲ"

သူမသည် နားမလည်ဘဲဖြစ်သွားပြီး စွန်းမင်းကျူးအား မေးလိုက်သည်။



"ဘာကိုဆိုလိုတာလဲ အစ်ကို"

စွန်းမင်းကျူးသည် အထစ်ထစ်အငေါ့ငေါ့ဖြင့် ...

"ညီမနဲ့အစ်ကို ... ဟို ... ဟို ... လက်ထပ်ဖို့ကိစ္စ"

သူ၏စကားကြောင့် စုချူးမေ ရှက်သွေးတက်သွားလေသည်။

"အို"

သူတို့နှစ်ယောက်စလုံးသည် ရှက်ရွံ့သွားကြသည်။

ထို့ကြောင့် စကားစရှာမရဘဲ ငြိမ်သက်တိတ်ဆိတ်သွားပြန်သည်။

အတန်ကြာမှ ...

စွန်းမင်းကျူးက စကားကို ပြန်စလိုက်သည်။

"ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပါတယ် ညီမ၊ တကယ်လို့ ညီမအနေနဲ့ အစ်ကို့ကို နှစ်သက်မြတ်နိုးမှု မရှိဘူးဆိုရင်လည်း ပြောပါ၊ ညီမအနေနဲ့ ဂိုဏ်းချုပ်ကြီးစုကို မပြောရဲရင်လည်း ညီမကိုယ်စား အစ်ကိုပြောပေးပါ့မယ် ...၊

အိမ်ထောင်ရေးကိစ္စဆိုတာ မလွယ်ပါဘူး၊ တစ်ယောက်ရဲ့ သဘောထားကို တစ်ယောက်က သိထားတာတောင် အဆင်မပြေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးတွေ လောကမှာ အများကြီးပဲ"

စုချူးမေက ...

စွန်းမင်းကျူးအား တစ်ချက်ကြည့်လိုက်ပြီး ...

"အစ်ကို့အနေနဲ့ကော ညီမအပေါ် ဘယ်လိုသဘောထားလဲ"

စွန်းမင်းကျူးသည် သူမ၏အမေးအား ချက်ချင်းပင် ပြန်ဖြေလိုက်လေသည်။

"ဒါကတော့ ညီမရဲ့သဘောကို အစ်ကိုက ဦးစားပေးရမှာပေါ့၊ ညီမရဲ့သဘောအတိုင်း အစ်ကိုက ဖြစ်အောင် ကြိုးစားပေးပါ့မယ်"

စုချူးမေက ပြုံးလိုက်ပြီး ...

"ဖေဖေကတော့ အစ်ကို့ကို သဘောကျပုံရတယ်၊ ကျွန်မရဲ့သဘောကတော့ ဖေဖေ့သဘောပဲ"

သူမ၏စကားကို ကြားလိုက်ရသောအခါ စွန်းမင်းကျူးက ပြုံးလိုက်မိလေသည်။

စုချူးမေက စကားကိုလွှဲ၍ ပြောလိုက်ပြန်သည်။

"အခု ဖေဖေသွားတာဟာ အကြောင်းရှိတယ် အစ်ကို"



စွန်းမင်းကျူးသည် စုချူးမေ စကားလမ်းကြောင်းလွှဲ၍ ပြောဆိုလိုက်ကြောင်းကို သိလိုက်သည်။

ထို့နောက် ... စွန်းမင်းကျူးက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်လား"

"ဖေဖေက အခုကိစ္စကို တော်တော်လုံးပန်းနေတယ်"

"ဘာကိစ္စလဲ"

စုချူးမေက တိုးညင်းသောလေသံဖြင့် ...

"အစ်ကိုနဲ့ညီမကိစ္စကိုလေ"

စွန်းမင်းကျူးသည် စကားမပြောဘဲ ခေါင်းညိတ်လိုက်သည်။

"အင်း"

စုချူးမေက ပြုံး၍ စကားဆက်လိုက်သည်။

"ညီမကိုလည်း ဖေဖေက သိပ်စည်းရုံးနေတယ်"

စွန်းမင်းကျူးက ခေါင်းကို ဆတ်ခနဲညိတ်၍ ...

"ဟုတ်ကဲ့"

စုချူးမေသည် သူ့အား မျက်စောင်းတစ်ချက် ထိုးလိုက်ပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com



"ညီမ ဖေဖေ့စကားကိုလည်း မပစ်ပယ်ရဲဘူးရှင့်"

"ဟုတ်ကဲ့"

စုချူးမေသည် စွန်းမင်းကျူးအား မျက်မှောင်ကြုတ်၍ တစ်ချက်ကြည့်လိုက်ပြီး ...

"အစ်ကို ဘာဖြစ်နေတာလဲ"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"ညီမ,ပြောတဲ့စကားကို နားထောင်နေတာလေ"

စုချူးမေသည် စိတ်တိုသောလေသံဖြင့် ...

"စကားလေး ဘာလေး ပြောမှ ဆွေးနွေးပွဲပြီးမြောက်မှာပေါ့၊ အခုတော့ ဟုတ်ကဲ့ပဲ လိုက်နေတယ်"

စွန်းမင်းကျူးက စုချူးမေ၏မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီး ...

"အစ်ကို ပြောပြီးပြီပဲ ... ညီမနဲ့အစ်ကို့ကိစ္စမှာ ညီမဆန္ဒအတိုင်း ဖြစ်ရပါစေမယ်လို့"

စုချူးမေသည် ထွေထွေထူးထူးဟန်မပြဘဲ ခေါင်းသာညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့"



စွန်းမင်းကျူးက စကားဆက်လိုက်သည်။

"ကဲ ဘယ်လိုလဲ ... အစ်ကိုပြောတာ သဘာဝမကျဘူးလား"

"ဟုတ်ကဲ့"

စွန်းမင်းကျူး၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

ဤတစ်ကြိမ် ဟုတ်ကဲ့လိုက်သူမှာ သူမဟုတ်ဘဲ စုချူးမေသာ ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

စွန်းမင်းကျူးသည် အားရပါးရ ရယ်မောလိုက်လေတော့သည်။

"ဟား ... ဟား ... ဟား"

စုချူးမေက သူ့အား လှမ်းမေးလိုက်လေသည်။

"အစ်ကို ဘာဖြစ်လို့ ရယ်နေတာလဲ"

စွန်းမင်းကျူးက ရယ်မောနေရာမှ ရပ်လိုက်သည်။

"ညီမက ဟုတ်ကဲ့လိုက်နေလို့ပေါ့"

သူ၏စကားကြောင့် စုချူးမေသည် သဘောကျသွားဟန်ဖြင့် ရယ်မောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ခစ် ... ခစ် ... ခစ်"

စွန်းမင်းကျူးသည် စုချူးမေ ရယ်နေသည်ကို သေသေချာချာ စိုက်ကြည့်လိုက်သည်။ ထို့နောက် သူက စကားဆက်လိုက်သည်။

"ကဲ ... ကျေပြီနော်"

စုချူးမေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျေသွားပါပြီ"

သူတို့နှစ်ယောက်၏ပျော်စရာကောင်းသော ကာလလေးတစ်ခုသည် ဧည့်ခန်းအတွင်း၌ ဖြစ်ပေါ်နေခဲ့သည်။

စုချူးမေသည် ဧည့်ခန်းအတွင်းရှိ စားပွဲပေါ်မှ အရက်အိုးအား စွန်းမင်းကျူး၏အနားသို့ တိုးပေးလိုက်သည်။

"အစ်ကို အရက်သောက်လေ"

စွန်းမင်းကျူးက ရယ်မောလိုက်ပြီး ...

"နေပါစေ ... အရက်က သိပ်အရေးမကြီးဘူး"

စုချူးမေက မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ... ဘာက အရေးကြီးနေတာလဲ"

စွန်းမင်းကျူးက ပခုံးကို ဟန်ပါပါ တစ်ချက်တွန့်လိုက်ပြီးနောက်...



"အရေးကြီးတဲ့ကိစ္စလေးရှိတယ်လေ၊ အစ်ကိုနဲ့ညီမ လက်ထပ်မယ့်ကိစ္စထက် အရေးကြီးတဲ့ကိစ္စ မရှိဘူးလို့ အစ်ကိုထင်တယ်၊ မဟုတ်ဘူးလား ညီမရဲ့၊ အစ်ကို စကားမှားသွားသလားဟင်"

စုချူးမေက ခေါင်းခါယမ်းလိုက်သည်။

"မမှားပါဘူး"

စွန်းမင်းကျူးက စုချူးမေအား လှမ်းကြည့်လိုက်ပြီး ...

"မမှားရင် ညီမက ဘယ်လိုသဘောရလဲ"

စုချူးမေက ချိုလွင်စွာ ပြောလိုက်လေသည်။

ထိုအခါ ...

သူမ၏နုနယ်လှပသော မျက်နှာလေးက ပို၍လှပသွားသည်ဟု စွန်းမင်းကျူး ထင်လိုက်မိသည်။

စုချူးမေက တိုးညင်းသောလေသံဖြင့် ...

"အစ်ကိုဖြစ်ချင်တဲ့အတိုင်း ညီမ လုပ်မှာပါ"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"တကယ်လား"

"တကယ်ပေါ့"

"ဒါဆိုရင် ပြီးသွားပြီပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



စုချူးမေသည် နားမလည်နိုင်ဘဲ မေးလိုက်လေသည်။

“ဘာကိုပြီးသွားတာလဲ အစ်ကို”

စွန်းမင်းကျူးသည် ဘာမျှပြန်မပြောတော့ဘဲ စားပွဲပေါ် အရက်အိုးကို လှမ်းယူပြီး တစ်ရှိန်ထိုး မော့သောက်လိုက်လေတော့ သည်။

တစ်ခဏအတွင်းမှာပင် အရက်တစ်အိုး ကုန်သွားတော့သည်။

★★★



## အခန်း (၁၃)

သူသည် အရက်အိုးတစ်အိုးကိုယူ၍ ထပ်သောက်လိုက်ပြန် သည်။

ထို့နောက် ...

သူသည် အရက်တစ်အိုးပြီးတစ်အိုး သောက်နေတော့ သည်။

စွန်းမင်းကျူး၏အပြုအမူကြောင့် စုချူးမေမှာ ထိတ်လန့် သွားလေသည်။

သူမသည် အလန့်တကြားဖြင့် စွန်းမင်းကျူးအား တားဆီး လိုက်လေသည်။

“ဟာ ... အစ်ကို တော်တော့လေ”

သို့သော် ...

စွန်းမင်းကျူးသည် အရက်အိုးတစ်အိုးကိုယူ၍ ထပ်မံ

www.burmeseclassic.com

www.burmeseclassic.com



သော ဘက်လှည့်ပြန်သည်။

သူသည် စိတ်ထဲ၌ ပျော်သွားသဖြင့် ဤသို့သောက်လိုက်ခြင်း ဖြစ်ပါသည်။

စုချူးမေသည် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွားတော့သည်။

အတန်ကြာသောအခါ စွန်းမင်းကျူးသည် အိပ်ပျော်သွားလေသည်။

စုချူးမေသည် မည်သို့မျှမတတ်နိုင်တော့ဘဲ စွန်းမင်းကျူး အိပ်ပျော်နေသည်ကို စိတ်ရှည်လက်ရှည် ထိုင်စောင့်နေလိုက်ရလေသည်။

နှစ်နာရီခန့်ကြာသောအခါ စွန်းမင်းကျူး နိုးလာလေသည်။

ထိုအခါ စုချူးမေက ပျာပျာသလဲ မေးလိုက်သည်။

"အစ်ကို တအားမူးနေသလား"

စွန်းမင်းကျူးက ခေါင်းညိတ်လိုက်သည်။

"မူးတော့ မူးတယ်၊ ဒါပေမဲ့ မမူးတော့ဘူး"

စုချူးမေက အံ့သြသွားသည်။

"ရှင် ဘာဖြစ်လို့လဲ"



စွန်းမင်းကျူးသည် အာလေးလျှာလေးသံဖြင့် ...

"သိပ်ပျော်လို့ ... ညီမကို သိပ်ချစ်တယ်ကွာ"

"အို"

သူ၏စကား ကြောင့် စုချူးမေသည် ရှက်ပြီး ခေါင်းငုံ့သွားလေ၏။

စွန်းမင်းကျူးမှာ ရုတ်တရက် ထရပ်လိုက်ရာ မိုက်ခနဲဖြစ်သွားပြီး ဘေးသို့ ယိမ်းယိုင်သွားလေသည်။

စုချူးမေက ထိန်းပေးလိုက်ရသည်။

သူသည် စုချူးမေအား ရီဝေဝေသောမျက်လုံးအစုံဖြင့် ...

"ညီမ"

စုချူးမေက အထိတ်တလန့်ဖြင့် ...

"ရှင်"

စွန်းမင်းကျူးက အာလေးလျှာလေးသံဖြင့် ...

"အစ်ကို့မျက်လုံးထဲမှာ စုချူးမေနှစ်ယောက် ဖြစ်နေတယ်"

ထိုစကားကြောင့် စုချူးမေက ခစ်ခနဲ ရယ်မောလိုက်သည်။

"ဒါဆို အစ်ကို မူးသွားပြီ"

စွန်းမင်းကျူးက ခေါင်းညိတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... အခု အစ်ကို မူးသွားပြီ"

သူမသည် စွန်းမင်းကျူးအား စိုးရိမ်စိတ်ဖြင့် ပြောလိုက်သည်။

"အစ်ကိုက လွန်တာကိုး"

စွန်းမင်းကျူးသည် အရက်မူးသမားတို့၏ လေသံဖြင့် ...

"သိပ်အပျော်လွန်တဲ့လူတွေဟာ တစ်ခါတလေ အဲဒီလိုပဲ အပျော်လွန်တတ်ကြတယ် ညီမရဲ့ ... အေ့"

စွန်းမင်းကျူးသည် ယင်းသို့ပြောပြီး သူမအား စိုက်ကြည့်နေရာ စုချူးမေမှာ စွန်းမင်းကျူး၏အကြည့်ဒဏ်ကို မခံနိုင်ဘဲ ခေါင်းငုံ၍ သွားလေသည်။

စွန်းမင်းကျူးက ခေါ်လိုက်ပြန်သည်။

"ညီမ"

စုချူးမေက စွန်းမင်းကျူးအား ကြည့်လိုက်ပြီး ...

"အစ်ကို အနားယူလိုက်ဦး၊ ကောင်းကောင်းအိပ်လိုက်ရင် အိပ်ရေးဝပြီး အစ်ကို အမူးပြေသွားမှာပဲ၊ ဒါကြောင့် အစ်ကို ထပ်အိပ်လိုက်ဦး"

စွန်းမင်းကျူးသည် ပြုံးလိုက်ပြီး ...



"မူးတာကို အမူးပြေအောင် အစ်ကို ထိန်းချုပ်နိုင်ပါတယ်"

သူသည် ပြောပြောဆိုဆို လက်နှစ်ဖက်ကို ဆန့်တန်းလိုက်ပြီး ဟိတ်ဟု အော်လိုက်ရာ အရက်ရှိန်တက်ပြီး နီရဲသောမျက်နှာမှာ ချက်ချင်းပင် လူမမာတစ်ယောက်၏မျက်နှာကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်သွားလေတော့သည်။

ထို့ကြောင့် ...

စုချူးမေသည် စွန်းမင်းကျူး၏မျက်နှာကို ကြည့်ပြီး ထိတ်လန့်အံ့ဩသွားလေသည်။

"ဟင် ... အစ်ကို"

စုချူးမေက စိုးရိမ်တကြီးဖြင့် အော်လိုက်လေသည်။

စွန်းမင်းကျူးကမူ ပြုံးလိုက်ပြီး ...

"အစ်ကို မမူးတော့ဘူး၊ အမူးပြေသွားပြီ"

မှန်သည် ...။

စွန်းမင်းကျူး၏ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာမှာလည်း ယခင်ပုံမှန် အသားအရောင်အတိုင်း ဖြစ်သွားတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် …

'ဗိုး'

ဘယ်ဆီက ပစ်လွှတ်လိုက်မှန်းမသိသော အဆိပ်လူးထားသည့် လက်နက်ပုန်းအပ်တစ်ချောင်းသည် လေထုကိုခွဲ၍ စုချူးမေ၏ လက်မောင်းဆီသို့ ထိမှန်သွားလေတော့၏။

"အမယ်လေး"

ထို့နောက် …

စုချူးမေသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

"စုချူးမေ … ညီမ"

စွန်းမင်းကျူးက ရုတ်တရက်အော်ဟစ်လိုက်သည်။

သူသည် တအံ့တသြလည်း ဖြစ်သွားလေသည်။



ရန်သူသည် ကိုယ့်ပိုင်နက်နယ်မြေအတွင်း အောင်မြင်စွာ လုပ်ကြံသွားနိုင်ခဲ့သည်။

ထိုအဆိပ်အပ်သည် အလွန်ပြင်းထန်ပုံရသည်။

ထိုအဆိပ်အပ်သည် မိမိအား လုပ်ကြံသည်လား၊ စုချူးမေအား လုပ်ကြံသည်လား စွန်းမင်းကျူး မသိချေ။

ထိုအဆိပ်အပ်သည် မိမိကို ဦးတည်ပစ်ခတ်လိုက်ရင်း စုချူးမေအား ထိမှန်သွားခြင်းမျိုးလည်း ဖြစ်နိုင်သည်။

စွန်းမင်းကျူးသည် စုချူးမေကို ချက်ချင်းမပြုစုသေးဘဲ အဆိပ်အပ်လာရာ လမ်းကြောင်းအတိုင်း ရန်သူနောက်သို့ အတင်း ပြေးလိုက်သွားလေသည်။

ရန်သူသည် ကိုယ်ဖော့ပညာ အလွန်ကောင်းသည်။

စွန်းမင်းကျူးသည် မြောက်ဘက်အဆောင်သို့ ရောက်သောအခါ အရိပ်သဏ္ဌာန်တစ်ခုသည် မြောက်ဘက်ရှိ ခြံစည်းရိုးအား လွှားခနဲခုန်ကာ ပြေးထွက်ပျောက်ကွယ်သွားလေသည်။

ထို့ကြောင့် …

စွန်းမင်းကျူးသည် ဆက်မလိုက်တော့ဘဲ စုချူးမေအား ကယ်တင်နိုင်ရန် နောက်သို့ ပြန်လှည့်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စုချူးမေဆီသို့ ရောက်သောအခါ စုချူးမေသည် အဆိပ်တက်ပြီး ညည်းညူနေလေသည်။

"ဟင်း ... ဟင်း ... ဟင်း"

စွန်းမင်းကျူးသည် သူမအနားသို့ ပြေးလွှားတိုးကပ်သွား[း]သည်။

"ညီမ ဘာမှမစိုးရိမ်နဲ့နော် ... အစ်ကိုတစ်ယောက်လုံး [ရှိ]တယ်"

ထို့နောက် ...

စွန်းမင်းကျူးသည် စုချူးမေအား ပွေ့ချီလိုက်ပြီး သူမ[၏] အခန်းသို့ လျှောက်သွားလေသည်။

သူသည် စုချူးမေအား ခုတင်ပေါ်သို့ ညင်သာစွာ ချထား[း]လိုက်လေသည်။

"ဟင်း ... ဟင်း"

စွန်းမင်းကျူးသည် ရင်ဖုံးအင်္ကျီအိတ်ထဲမှ ကြိုးတပ်ရှုံ့[ကြိုး]အိတ်ကို ထုတ်ယူလိုက်ပြီး ရှုံ့အိတ်ကို ဖွင့်လိုက်သည်။

ထို့နောက် ...

အိတ်ထဲမှ ဆေးလုံးကို ထုတ်ယူလိုက်ပြီး ...



"ညီမ ... ဒီဆေးလုံးကို မျိုချလိုက်"

စုချူးမေသည် စွန်းမင်းကျူး၏ဆေးလုံးအား မျိုချလိုက်သည်။

စွန်းမင်းကျူးက စုချူးမေအား ကြည့်လိုက်ပြီး ...

"ဒီအဆိပ်တားဆေးက အင်မတန် အာနိသင်ရှိတယ်၊ အဆိပ်ပျံ့မသွားနိုင်အောင် အဲဒီဆေးလုံးက ကာကွယ်ပေးထားလိမ့်မယ်၊ ဝင်သွားတဲ့အဆိပ်အပ်ကိုလည်း အစ်ကိုကြိုးစားပြီး ထုတ်ပေးမယ်၊ ခဏတော့ ကြာမယ်နော် ညီမ ...၊ ကဲ ... တစ်ခုတော့ရှိတယ် ... စိတ်ကို တင်းမထားနဲ့၊ ခန္ဓာကိုယ်က တောင့်မထားနဲ့၊ သာမန်အိပ်ပျော်နေသလိုပဲ နေသာသလို နေပြီး စိတ်ကိုလျှော့ထား"

စုချူးမေသည် ဘာမျှမပြောတော့ဘဲ ခေါင်းကို ညိတ်လိုက်သည်။ သူမသည် စွန်းမင်းကျူး၏စကားအတိုင်းပင် စိတ်ကို အတတ်နိုင်ဆုံး လျှော့ချထားသည်။

သူမသည် ဆေးရှိန်ဖြင့် မှိန်းနေလေသည်။

စွန်းမင်းကျူးသည် စုချူးမေအား တစ်ချက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စွန်းမင်းကျူး၏လက်သည် အဆိပ်အပ်ထိရာ လက်မောင်းရင်းရှိ စုချူးမေအင်္ကျီစအား ဆွဲဖြဲလိုက်လေသည်။

'ဖြဲ'

ထို့နောက် သူသည် စုချူးမေ၏လက်မောင်း အဆိပ်အပ်ဝင်နေသည့်နေရာအား ကြည့်လိုက်သည်။

အဆိပ်အပ်ဝင်နေသော နေရာတွင် ခရေပန်းပုံသဏ္ဍာန်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။

အဆိပ်သည် အလွန်ပြင်းထန်ပုံရသည်။

စုချူးမေသည် နာကျင်သောဝေဒနာအား ကျိတ်မှိတ်ခံစားနေရကြောင်းကို စွန်းမင်းကျူး သတိပြုမိလိုက်လေသည်။

ထို့ကြောင့် ...

သူသည် စိတ်မကောင်းဖြစ်သွားသည်။

ထို့နောက် သူသည် အဆိပ်အပ်ဝင်နေသည့် အောက်ဘက်မှအသားကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ အဆိပ်အပ်ကို တဖြည်းဖြည်း ထုတ်သည်။

အတန်ကြာသောအခါ အပ်ထွက်လာသည်။

'ဖောက်'



ယင်းမှာ ထိုအဆိပ်အပ်သည် စုချူးမေ၏လက်မောင်းအသားစိုင်ထဲမှ ထိုးဖောက်ထွက်လာသော အသံပင်ဖြစ်သည်။

စွန်းမင်းကျူးသည် ဝမ်းသာအားရဖြင့် ...

"ညီမ အဆိပ်အပ်ထွက်သွားပြီ"

စုချူးမေမှာ လှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်နေသည်။

သူမသည် အိပ်ပျော်နေခြင်း မဟုတ်ပါချေ။

အမှန်စင်စစ် ... သူမသည် သတိလစ်နေခြင်းသာ ဖြစ်လေသည်။

စွန်းမင်းကျူးမှာ စုချူးမေအားကြည့်ပြီး စိတ်လှုပ်ရှားသွားလေသည်။

စုချူးမေသည် အဆိပ်အပ်၏နာကျင်မှုဝေဒနာကို မခံစားနိုင်အောင်ဖြစ်ပြီး သတိလစ်သွားခြင်းဖြစ်သည်ဟု ထင်လိုက်မိလေသည်။

သူမ၏အဆိပ်သင့်နေသောလက်မောင်းမှာ ညိုမည်းပြီး ဖူးရောင်နေသည်။

ထိုအဆိပ်အပ်၏အမည်မှာ ခရေပွင့်အဆိပ်အပ် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးသည် အဆိပ်အပ် ထိုးထွက်ရာနေရာသို့ ကြည့်လိုက်သည်။

အဆိပ်အပ်ထိုးထွက်လာသောနေရာမှာ ညိုမည်းညစ်ထပ်သော သွေးပုပ်များ ထွက်လာသည်။

သွေးပုပ်များ ထွက်လာပြီးနောက် သွေးသန့်သွေးနီများ နောက်မှလိုက်၍ ထွက်လာလေသည်။

စွန်းမင်းကျူးသည် သွေးသန့်သွေးနီများ ထွက်လာသည်ကို ကြည့်မိလိုက်သည်နှင့် အလွန်ဝမ်းသာသွားလေသည်။

★



ထိုအချိန်တွင် ...

စုချူးမေမှာ လှုးလွန့်လှုပ်ရှားလာလေ၏။

စွန်းမင်းကျူးသည် စုချူးမေအား ဖြည်းညင်းစွာ ခေါ်လိုက်သည်။

"ညီမ ... ညီမ"

"အင်း ... အင်း"

စုချူးမေထံမှ ညည်းညူသံတစ်ချက် ကြားလိုက်ရလေသည်။

စွန်းမင်းကျူးသည် ထပ်မံ၍ စုချူးမေအား မေးလိုက်သည်။

"ညီမ ... သတိရလာပြီလားဟင်"

"အင်း"

စုချူးမေက မျက်လုံးများကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူမ၏အမြင်အာရုံမှာ ဝေဝါးနေလေသည်။

တဖြည်းဖြည်းဖြင့် သူမ၏ဝေဝါးနေသော အမြင်အာရုံမှာ ပီပြင်၍ ကြည်လင်လာလေသည်။

"အစ်ကို"

စုချူးမေက လေသံခပ်တိုးတိုးဖြင့် ခေါ်လိုက်လေသည်။

စွန်းမင်းကျူးသည် သူမအား ကြည့်လိုက်ပြီး ...

"ညီမ ... ဒီမှာကြည့်စမ်း"

စွန်းမင်းကျူးသည် သူ၏လက်ထဲတွင် ကိုင်ထားသော မည်းနက်တောက်ပြောင်နေသော အံဆိပ်အပ်ကို စုချူးမေအား ပြလိုက်လေသည်။

"ဒီအဆိပ်အပ်ဟာ ခရေပွင့်အဆိပ်ပဲ ညီမ၊ ဒါနဲ့ ဒီအဆိပ်အပ်သုံးတဲ့လူကိုကော ညီမ သိလား"

စုချူးထင်းသည် ဘာမျှပြန်မပြောဘဲ လက်နက်ပုန်းအဆိပ်အား သေသေချာချာ ကြည့်ရှုလိုက်သည်။

သူမ မျက်နှာပျက်သွားသည်။

သို့သော် သူမ ခေါင်းခါသည်။



"ညီမ ဒီအဆိပ်အပ်ကို သိတော့သိတယ်၊ ဒီအကြောင်းကို တစ်ချိန်ချိန်တော့ အစ်ကို့ကို ပြောပြပါ့မယ်"

စုချူးမေသည် ခုတင်ပေါ်တွင် လဲလျောင်းနေရာမှ ထလာသည်။

စွန်းမင်းကျူးက တားလိုက်၏။

"အို ... မထနဲ့ဦးလေ၊ ညီမ မူးနောက်နေမှာပေါ့၊ အိပ်နေ ... အိပ်နေ"

"ရပါတယ် ... ညီမ ထနိုင်လို့ပါ"

သူမသည် ထထိုင်လိုက်သည်။

စွန်းမင်းကျူးက ...

"ညီမ ဒီအဆိပ်အပ်အကြောင်း ဖြည်းဖြည်းစဉ်းစားပေါ့၊ ပြီးတော့မှ အစ်ကို့ကို ပြောပြ"

စုချူးမေသည် ငေးငိုင်၍ စဉ်းစားနေ၏။

ထိုအခါ ...

စွန်းမင်းကျူးက ပြုံးလိုက်သည်။

"ကဲ ... ညီမ အားရှိသွားအောင် တစ်ရေးတစ်မော အိပ်လိုက်ပါဦး၊ အစ်ကို ညီမကို စောင့်ရှောက်ရင်း ဧည့်ခန်းထဲမှာ ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်"

စုချူးမေက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ အစ်ကို"

စွန်းမင်းကျူးမှာ ဧည့်ခန်းထဲသို့ လျှောက်သွား၏။

စုချူးမေမှာလည်း ခုတင်ပေါ်သို့ ပြန်တက်ကာ လဲလျောင်း အိပ်စက်ရင်း ကျန်ရစ်ခဲ့တော့သည်။

★



စွန်းမင်းကျူးက ဧည့်ခန်းထဲသို့ လျှောက်သွားရင်း အတွေး နယ်ချဲ့နေမိ၏။

လူသတ်သမားမှာ မည်သူဖြစ်သနည်း။

အဖြေကို သူ စဉ်းစား၍မရဘဲ ဖြစ်နေ၏။

ထို့အတူ ...

ခရေပွင့်အဆိပ်အပ်ကို မည်သည့်ရည်ရွယ်ချက်ဖြင့် ပစ် လိုက်သနည်း။

စုချူးမေအား သတ်လို၍လား။

သို့တည်းမဟုတ် ...

သူ့ပဲ သတ်လို၍လား။

သူသည် ဆက်လက်တွေးနေရင်းဖြင့် မစဉ်းစားတတ် အောင် စိတ်ရှုပ်ထွေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

သူသည် ဧည့်ခန်းထဲတွင်ထိုင်ကာ စုချူးမေအား ခပ်တွေ တွေ ငေးကြည့်နေမိသည်။

စုချူးမေမှာ အိပ်ပျော်နေလေပြီ။

★★★



## အခန်း (၁၄)

စွန်းမင်းကျူးသည် စုချူးမေ၏အခန်းထဲသို့ အခြေအနေ ကြည့်ရန် ရောက်လာသည်။

စုချူးမေမှာ နှစ်ခြိုက်စွာ အိပ်မောကျနေသည်။

နှစ်ခြိုက်စွာ အိပ်ပျော်နေသော မိန်းမလှလေးကို စွန်းမင်း ကျူး မနိုးရက်ပါ။

ထို့ကြောင့် ...

သူသည် လုံခြုံစွာ တံခါးပိတ်ပေးပြီး ပြန်ထွက်သွားလေ သည်။

စွန်းမင်းကျူးသည် ဧည့်ခန်းသို့ ပြန်မသွားတော့ဘဲ ဥယျာဉ် ထဲသို့ ဆင်းလာသည်။

ဥယျာဉ်ကား ထုံးစံအတိုင်း သာယာလှပနေသည်။

ရွှေကျားဂေဟာသည် တိတ်ဆိတ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထူးခြားမှု တစ်စုံတစ်ရာကို မတွေ့ရပါ။

ဂေဟာအတွင်း ပြန်ဝင်ရန် ခြေလှမ်းပြင်လိုက်စဉ်တွင် ...

ထူးခြားသောအသံတစ်ခုသည် သူ၏နားထဲသို့ ဝင်လာသည်။

မည်သည့်အသံနည်း။

သူသည် ထပ်မံ၍ အာရုံစိုက်လိုက်သည်။

သူ့ကဲ့သို့ အတွင်းအားကောင်းသူအဖို့ များစွာ အာရုံမစိုက်ရပါ။

မကြာမီ ...

သူ့အာရုံထဲ၌ အသံကို ကြားလာရသည်။

တစ်နေရာဆီမှ ခြေသံလိုလို ချိုတိုးသံလိုလို မသဲကွဲသော အသံအုပ်အုပ်တစ်ခုက နားထဲသို့ တိုးဝင်လာသည်။

စွန်းမင်းကျူး ပြုံးလိုက်မိသည်။

ထိုအသံမှာ လူသုံးယောက် လေးယောက်ခန့် ထက်မလျော့သောလူများ၏ခြေသံများဖြစ်သည်။

သို့သော် ...

စွန်းမင်းကျူး မမှုပါ။



တစ်ခဏအကြာ၌ ခြေသံများ ပြန်လည်တိတ်ဆိတ်သွားသည်။

ထိုစဉ် ...

စွန်းမင်းကျူး၏ကျောဘက်ဆီမှ အသံတစ်သံကို ကြားလိုက်ရသည်။

စွန်းမင်းကျူးက အခြေအနေကို ချက်ချင်း တွက်ဆမိလိုက်၏။

သူ့အား နောက်မှ တစ်စုံတစ်ယောက်က တိုက်ခိုက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း တွေးဆမိခြင်းဖြစ်၏။

သူ့အား တိုက်ခိုက်ချေမှုန်းရန်အတွက် အကွက်ဆင်နေခြင်း ဖြစ်လိမ့်မည်ဟု သူ ယူဆလိုက်၏။

မကြာမီ ...

လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်တစ်ခုသည် လှုပ်ရှားမှုနှင့်အတူ စွန်းမင်းကျူးအား ခုန်အုပ်လိုက်သည်။

စွန်းမင်းကျူးကမူ ရှောင်တိမ်းခြင်း မရှိပါချေ။

သူသည် သူရပ်နေသည့်နေရာ၌ရှိနေသည့် ခဲလုံးတစ်လုံးကို ခြေအိမ်ဖြင့် နောက်သို့ ရိုက်ချလိုက်သည်။

'ထောက်'

လှည့်မကြည့်ဘဲ ရိုက်ချလိုက်ခြင်းဖြစ်သည်။

'ဝုန်း'

အသံကြီး ထွက်ပေါ်လာသည်။

သူ သိလိုက်သည်။

ရန်သူအား ချက်ကောင်းထိမှန်သွားပြီဖြစ်ကြောင်း သိလိုက်သည်။



ထင်သည့်အတိုင်းပင် မြားဒဏ်သင့်သွားသော ငှက်ကလေး တစ်ကောင်ကဲ့သို့ ထိုသူမှာ လွင့်စဉ်သွားသည်။

လုံးဝ မထနိုင်တော့ပါချေ။

စွန်းမင်းကျူးက နောက်သို့လှည့်ကာ ရန်သူတို့ကို တိုက်ရိုက် ရန် မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

စွန်းမင်းကျူးသည် အံ့ဩသွားသည်။

"ဟင်"

သူသည် ရန်သူများကို တွေ့လိုက်ရ၏။

ထိုရန်သူများသည် တူညီသောဝတ်စုံများ ဝတ်ဆင်ထားကြ သည့် လူလေးယောက်ဖြစ်နေသည်။

သူတို့သည် ဝတ်စုံများကို တူညီဝတ်ဆင်ထားပြီး မျက်နှာ ဖုံးများလည်း စွပ်ထားလိုက်သေးသည်။

ထိုလူများသည် ငါးယောက်တစ်အုပ်စု လာကြခြင်းဖြစ် သည်။

ထို့နောက် ...

ထိုငါးယောက်ထဲမှတစ်ယောက်သည် နောက်မှနေ၍ စွန်း မင်းကျူးအား ခုန်အုပ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ သူပစ်လိုက်သော ခဲလုံးဒဏ်ကို ကောင်းကော ခံလိုက်ရသဖြင့် မြေကြီးပေါ်တွင် ဆန့်ဆန့်ကြီးနေပြီး သတိလစ် သည်။

ထိုလူသည် တော်တော်နှင့် ထနိုင်ဦးမည်မဟုတ်ချေ။

သို့သော် ရန်သူလေးဦး ကျန်နေသေးသည်။

ထိုရန်သူလေးဦးကိုလည်း သူ ဂရုမစိုက်ပါ။

စွန်းမင်းကျူးက ကျန်သောလူများကို ကြည့်လိုက် သည်။

ရန်သူများသည် အသင့်အနေအထားဖြင့် သူ့အား တိုက် ချောင်းမြောင်းနေကြသည်။

"မင်းတို့ ဘယ်သူတွေလဲ"

စွန်းမင်းကျူးက မေးလိုက်သည်။

မျက်နှာဖုံးစွပ်ထားသောလူများက တုံ့ပြန်ခြင်းမရှိဘဲ တိ ဆိတ်စွာ ရပ်နေကြ၏။

စွန်းမင်းကျူးက ထပ်၍ မေးလိုက်ပြန်သည်။

"မေးနေတယ်လေ ... မင်းတို့ ဘယ်သူတွေလဲ"

ထုံးစံအတိုင်းပင် သူတို့သည် မည်သည့်စကားမှ ပြန်



ခြင်းမရှိဘဲ ငြိမ်သက်စွာ ရပ်နေလေသည်။

ထိုလူလေးယောက်သည် သူ့အား စိုက်ကြည့်နေ၏။

ထူးခြားနေသည်မှာ ...

ထိုလေးယောက်၏ငြိမ်သက်နေပုံမှာ သစ်သားရုပ်တုများ ကဲ့သို့ ဖြစ်နေခြင်းပင်။

ခေါင်းစွပ်မျက်နှာဖုံးတွင် မျက်လုံးပေါက်များ ဖောက်ထား သည်။

ထိုမျက်လုံးပေါက်မှ မျက်လုံးများ၏ထူးခြားပုံကို စွန်းမင်း ကျူး သတိပြုမိလိုက်သည်။

သူတို့ တစ်ခုခုများ ဖြစ်နေသလား။

သူ့အသံအဆုံးတွင် စုချူးမေ၏အသံကို ကြားလိုက်ရလေ တော့သည်။

"အစ်ကို ... သူတို့သေသွားကြပြီ၊ ညီမ သူတို့ကို အဆိပ် အပ်နဲ့ ပစ်လိုက်တာ"

သူမသည် ပြောပြောဆိုဆိုနှင့် သူ့အနားသို့ ရောက်လာ သည်။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



သူသည် စုချူးမေ်နှင့်အတူ မျက်နှာဖုံးစွပ်ထားသောလူများထံသို့ လျှောက်သွားသည်။

တွန်းကြည့်လိုက်သောအခါ စုချူးမေပြောသကဲ့သို့ပင် တောင့်တောင့်ကြီးဖြစ်လျက်ရှိပြီး မျက်နှာဖုံးစွပ်ထားသော လူလေးယောက်စလုံး မြေပေါ်သို့ လဲကျသွားကြလေတော့သည်။

သူသည် ယခုမှ စိတ်သက်သာရာရသွားသည်။

သူ့အား ရန်ပြုလာသော မျက်နှာဖုံးစွပ်လူဆိုးလေးယောက်စလုံး ယခုတော့ သူ့အား မည်သို့မျှရန်မပြုနိုင်တော့ပြီ မဟုတ်ပါလော။

★



စွန်းမင်းကျူးက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ညီမ ပြန်နိုးလာတာတောင် အစ်ကိုမသိဘူး"

စုချူးမေက ...

"ညီမနိုးတော့ ဧည့်ခန်းထဲမှာ အစ်ကိုမရှိတော့ဘူး၊ ဒါနဲ့ အစ်ကို့ကို စိတ်မချတာနဲ့ ဥယျာဉ်ထဲ ဆင်းလာတာ၊ ထင်တဲ့အတိုင်းပဲ ဦးဦးစုထင်းဝမ်ရဲ့လူတွေနဲ့ ပြဿနာတက်နေတာကိုး"

စုချူးမေ၏စကားကြောင့် သူ အံ့သြသွားမိသည်။

"ဟင်"

စုထင်းဝမ်ဟူသောစကားကို ကြားလိုက်ရသောကြောင့် စွန်းမင်းကျူးမှာ ထိတ်လန့်သွားသည်။

ထို့နောက် ...

သူသည် စုချူးမေအား ပြန်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က စုထင်းဝမ်ရဲ့လူတွေ ... ဟုတ်လား"

စုချူးမေက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် အစ်ကို"

စွန်းမင်းကျူးက ထပ်မေးလိုက်ပြန်သည်။

"ညီမ ဘယ်လိုလုပ်သိတာလဲ"

စွန်းမင်းကျူးက ထိုလူများအား တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးပေ။

စုချူးမေသည် သူ့အား ပြုံးပြလိုက်သည်။

"သိတာပေါ့ အစ်ကို၊ ညီမကို အစ်ကို ဆေးကုပေးခဲ့တယ် မဟုတ်လား"

စွန်းမင်းကျူးက မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး ...

"အဲဒါနဲ့ ဘာဆိုင်လို့လဲ ညီမရဲ့"

စုချူးမေက ခေါင်းကို ခပ်လေးလေးညိတ်ရင်း ...

"ဆိုင်တယ် အစ်ကို၊ ဒီအကြောင်းကို နောင်တစ်ချိန်ကျမှ အစ်ကို့ကို ပြောပြမယ်လို့ ညီမ ဆုံးဖြတ်ခဲ့တယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ ညီမရယ်"

"အခုတော့ မပြောမဖြစ်တော့ဘူးလေ၊ အဲဒီတုန်းကပစ်တဲ့



အဆိပ်အပ်လက်နက်ပုန်းဟာ ဦးဦးစုထင်းဝမ်ရဲ့အဆိပ်အပ်လက်နက်ပုန်းပဲ"

"ဪ ... ဒါကြောင့်ကိုး၊ အစ်ကိုက ညီမရဲ့မျက်နှာကို သတိထားကြည့်နေတာ၊ ညီမ မျက်နှာပျက်သွားတာကို အစ်ကို သတိထားမိတယ်"

"ဟုတ်တယ် အစ်ကို ... ဒီအဆိပ်အပ်ဟာ စုမျိုးဆက်သုံး အဆိပ်အပ်ပဲ၊ ဖေဖေတီထွင်ခဲ့တဲ့ အဆိပ်အပ်တွေလေ"

ထိုအခါမှ ...

စွန်းမင်းကျူးက ပြုံးလိုက်သည်။

"ဟုတ်တယ် ...အစ်ကိုလည်း ထင်တယ်၊ ဒါပေမဲ့ စုထင်းဝမ်ကိုတော့ လုံးဝမထင်မိခဲ့ဘူး၊ တစ်စုံတစ်ယောက်က စုမျိုးဆက်အဆိပ်အပ်ကို ခိုးယူပြီး ညီမကို လုပ်ကြံခဲ့တယ်လို့ပဲ အစ်ကိုက ထင်နေမိခဲ့တာ"

သူသည် စကားခဏ ရပ်နားလိုက်သည်။

ပြီးမှ စုချူးမေအား တစ်ချက်ကြည့်လိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"နေစမ်းပါဦး ညီမရယ် ... ညီမရဲ့ဦးလေး စုထင်းဝမ်က

www.burmeseclassic.com

www.burmeseclassic.com



ညီမကို ဘာဖြစ်လို့ လုပ်ကြံရတာလဲ၊ ညီမလို တူမအရင်းကြီးကို လုပ်ကြံဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အစ်ကိုက လူစိမ်း၊ အစ်ကိုနဲ့လည်း မသင့်မတင့် ဖြစ်နေတဲ့လူ၊ ဒီတော့ အစ်ကို့ကို လုပ်ကြံတာကော မဖြစ်နိုင်ဘူးလား၊ ကဲ ... ဒီအချက်ကို စဉ်းစားဖို့ အရေးကြီးတာပဲ"

စုချူးမေသည် သူပြောသောစကားကို နားထောင်နေပြီး သူ့အား ငေးကြည့်နေမိလေသည်။

အတန်ကြာမှ ...

သူမက စကားပြန်စလိုက်သည်။

"ဒါကတော့ သူ့မှာ အကြောင်းရှိလို့ဖြစ်မှာပေါ့ အစ်ကို"

စွန်းမင်းကျူးက ...

"ဘာအကြောင်းလို့ ညီမထင်သလဲ"

စုချူးမေက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟင်း"

အဖြေရကျပ်နေသောသဘောဖြစ်၏။

ထိုအချက်ကို စွန်းမင်းကျူးက နားလည်လိုက်သည်။

ထို့ကြောင့် ...

"သိပ်ခက်နေတယ်ဆိုရင် မဖြေပါနဲ့ ညီမ"



"အခုလည်း ဦးဦးစုထင်းဝမ် မရှိတော့ပါဘူး"

စွန်းမင်းကျူးက ...

"သူက ဘယ်ရောက်သွားလို့လဲ"

စုချူးမေက ခေါင်းငုံ့ချလိုက်ပြီး ...

"သူပြေးပြီပေါ့ အစ်ကိုရယ်၊ အစ်ကို့ကိုပဲ ထိထိ၊ ညီမကိုပဲ ထိထိ သူ့အလုပ်က မဟုတ်ဘူးဆိုတာ လူတိုင်းသိတာပဲ"

သူမသည် စွန်းမင်းကျူးအား စိုက်ကြည့်နေပြန်သည်။

ထို့နောက် ...

အေးအေးဆေးဆေးဖြင့် ပြောချလိုက်လေသည်။

"သူ ဒီဂေဟာထဲမှာ နေလို့မှမဖြစ်တော့ဘဲ၊ သူ့ကို ဖေဖေကလည်း လက်ခံတော့မှာမဟုတ်ဘူး၊ ဖေဖေ့ကိုလည်း သူရင်ဆိုင်ရဲမှာ မဟုတ်တော့ဘူး၊ ဖေဖေသိရင် သူ့ကိုသတ်မှာ အစ်ကို၊ ဒီလိုလုပ်ကြံတာကို ဖေဖေ ဘယ်တော့မှ သည်းခံမှာမဟုတ်ဘူး"

စုချူးမေ၏စကားများမှာ မှန်ကန်လှသည်။

စွန်းမင်းကျူးက မျက်နှာဖုံးစွပ်နှင့် လူတစ်ယောက်ကို လက်ညှိုးညွှန်ပြလိုက်ပြီး ...

"ဒီလိုဆိုရင် ဒီလူလေးယောက်ကိစ္စကို အရင်စီရင်လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရအောင်၊ နောက်ပြီး ... သတိလစ်နေတဲ့ လူတစ်ယောက်ကိုလည်း ရှင်းရဦးမယ်"

စုချူးမေက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဟုတ်ကဲ့ အစ်ကို"

ထို့နောက် ...

သူတို့နှစ်ယောက်သည် မျက်နှာဖုံးစွပ်သမားများထံ လျှောက်သွားလေတော့သည်။

★★★



## အခန်း (၁၅)

ည ...

တိတ်ဆိတ်ငြိမ်သက်နေသည်။

ရွှေကျားဂေဟာသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ထိုစဉ် ...

မထင်မှတ်သော အသံတစ်သံကို ကြားလိုက်ရ၏။ သာယာငြိမ့်ညောင်းနေသာ ပလွေသံပင် ဖြစ်သည်။

အဝေးဆီမှ လွင့်ပျံ့လာခြင်း ဖြစ်သည်။

အသံမှာ ခပ်သဲ့သဲ့မျှသာဖြစ်သော်လည်း ညမှာ တိတ်ဆိတ်ငြိမ်သက်နေသောကြောင့် ပီပီသသပင် ကြားရလေသည်။

ထိုအချိန်တွင် ...

ဂေဟာအတွင်းမှ လူနှစ်ယောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသော ဂေဟာကြီး၏ဧည့်ခန်းမှာ ပြန်လည်၍ အသက်ဝင်လှုပ်ရှားလာလေသည်။

ဧည့်ခန်းတွင်ထိုင်နေကြသော လူနှစ်ယောက်မှာ စွန်းမင်းကျူးနှင့် စုချူးမေတို့ပင် ဖြစ်သည်။

ပလွေသံကို ကြားလိုက်ရသောအခါ သူတို့နှစ်ယောက်မှာ အံ့ဩသွားလေသည်။

"ဟင်"

"အို"

စွန်းမင်းကျူးနှင့်စုချူးမေတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေမိကြသည်။

သူတို့နှစ်ဦးသည် မှင်တက်နေမိကြသည်။

အတန်ကြာမှ ...

စုချူးမေက စကားစလိုက်သည်။

"အစ်ကို"

"ဘာလဲ ညီမ"

စွန်းမင်းကျူးက ပြန်ထူးလိုက်သည်။

စုချူးမေက ...



"ဆရာ ... ဆရာ"

"ဟုတ်တယ် ညီမ၊ အဲဒါ ဆရာရှုမဟန်ရဲ့ပလွေသံပဲ၊ ပဲဟာ ... နားထောင်ကြည့်စမ်း ညီမ"

သူသည် စုချူးမေအားပြောရင်း သူကိုယ်တိုင်ကလည်း နားစိုက်ထောင်လိုက်လေသည်။

ရှုမဟန်၏ပလွေသံသည် သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာလေသည်။

အတန်ကြာသောအခါ ပလွေသံသည် သူတို့နှင့် တဖြည်းဖြည်း ဝေးကွာသွားသည်။

စုချူးမေနှင့်စွန်းမင်းကျူးတို့မှာ ငြိမ်သက်စွာ နားထောင်နေကြသည်။

တစ်ယောက်မှ စကားမပြောကြဘဲ တိတ်ဆိတ်နေ၏။

အတန်ကြာမှ ...

စွန်းမင်းကျူးက ထိုင်ရာမှ ထရပ်လိုက်သည်။

စုချူးမေက မေးလိုက်၏။

"အစ်ကို ဘယ်သွားမလို့လဲ"

စွန်းမင်းကျူးက ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို သူ့နောက်ကို လိုက်သွားမလို့"

"ဒီလိုဆို လိုက်သွားလေအစ်ကို၊ ညီမကလည်း ဆရာ့ကို လေးစားပါတယ်လို့ ပြောပေးပါ"

စုချူးမေက ထိုသို့မှာကြားသည်။

စွန်းမင်းကျူးမှာ မည်သို့မျှ စဉ်းစားမနေတော့ဘဲ စကားကို ဖြတ်ကာ ပြေးထွက်သွားလေတော့သည်။

သူသည် ဥယျာဉ်ထဲသို့ ရောက်လာသည်။

ထို့နောက် ...

ဥယျာဉ်အား ဖြတ်ကျော်ကာ ပြေးထွက်သွားပြီး ဆရာရှမ ဟန်နောက်သို့ ပြေးလိုက်သွားတော့သည်။

သူသည် ကိုယ်ဖော့ပညာဖြင့် အတင်းမီအောင်လိုက်သည်။

သို့သော် ...

သူသည် ခြံပြင်ရောက်သည်နှင့် ဘာကိုမှမတွေ့ရတော့ပါ ချေ။

ထို့ကြောင့် ...

သူသည် ပလွေသံထွက်လာရာကို မှန်း၍ လိုက်သွားတော့ သည်။



သို့သော် ...

ငြိမ့်ညောင်းသောပလွေသံသည် လေလှိုင်းကြား၌ သံစဉ် မျှဉ်းမျှဉ်းဖြင့် ဝေ့ဝံရစ်ပတ်နေလေတော့သည်။

★

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ရှမဟန် ... ဆရာရှမဟန်"

စွန်းမင်းကျူးသည် တကြော်ကြော် အော်ခေါ်ရင်း ပြေးလိုက်သွားသည်။

စွန်းမင်းကျူး၏ကိုယ်ဖော့ပညာသည် လေမုန်တိုင်းကြား၌ သစ်ရွက်တစ်ရွက် လွင့်မျောပါသွားသကဲ့သို့ လျင်မြန်ပေ့ါပါးလှလေသည်။

သို့သော် ...

ပလွေသံရှင် ရှမဟန်ကိုမူ မတွေ့တော့ပါချေ။

စွန်းမင်းကျူးသည် ကိုယ်ဖော့ပညာကိုသုံးလျက် ဆက်လက်၍ ပြေးလွှားလိုက်နေဆဲပင် ဖြစ်သည်။

သူသည် ယင်းသို့ပြေးလွှားလိုက်ပါလာခဲ့ရာ တစ်နေရာသို့ ရောက်သောအခါ ဟန့်တားသံတစ်သံ ကြားလိုက်ရ၏။



"ဟေ့ ... ရပ်လိုက်"

ရုတ်တရက် ...

ထွက်ပေါ်လာသည့် ဟန့်တားသံကြောင့် စွန်းမင်းကျူးသည် ပြေးလွှားနေရာမှ ကိုယ်ရှိန်သတ်လိုက်ရသည်။

ထို့နောက် ...

ဟန့်တားသံထွက်ပေါ်လာရာသို့ လှည့်ပတ်ကြည့်ရှုလိုက်သည်။

အသံရှင်ကို တွေ့လိုက်ရသည့်အခါ ရုတ်တရက် အံ့အားသင့်သွားမိ၏။

ထို့နောက် ဝမ်းသာအားရလေသံဖြင့် ...

"ဆရာ ရှမဟန်"

ဟု ခေါ်လိုက်လေသည်။

"ဟုတ်ပါတယ် ... ကျုပ် ရှမဟန်ပါ"

စွန်းမင်းကျူးသည် အံ့သြထိတ်လန့်မှုကို မဖုံးကွယ်နိုင်သေးဘဲ မေးလိုက်လေသည်။

"ဆရာရှမဟန် ... ခင်ဗျား လမ်းလျှောက်သွားတာလား၊ ပြေးသွားတာလား ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရှမဟန်က မဖြေပါ။ ပြုံး၍သာ ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ မိတ်ဆွေ"

စွန်းမင်းကျူးက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျွန်တော် ခင်ဗျားကို လိုက်မမီလို့ပါ"

ရှမဟန်က မထူးဆန်းသလို ပြန်ပြောလိုက်သည်။

"ကျုပ် လမ်းလျှောက်သွားတာပါ၊ ဒါပေမဲ့ ... မိတ်ဆွေ ကျုပ်က ကျောချင်းကပ်ပြီး လှုပ်ရှားနေတာကို၊ ဒီတော့ ဝေးကွာ သွားမှာပေါ့"

စွန်းမင်းကျူးက မျက်လုံးပြူးကျယ်သွားသည်။

သူသည် အလွန်လည်း အံ့ဩသွားသည်။

"ဆရာရှမဟန်နဲ့ကျွန်တော်က ဆန့်ကျင်ဘက် သွားနေတာ လား"

ရှမဟန်က တည်ငြိမ်သောလေသံဖြင့် ...

"ဆန့်ကျင်ဘက်သွားနေလို့ မိတ်ဆွေနဲ့ကျုပ်က ဝေးနေတာ ပေါ့"

ရှမဟန်၏စကားကို စွန်းမင်းကျူး ယုံကြည်ရန် ခက်သွား သည်။



ထို့ကြောင့် ...

စွန်းမင်းကျူးမှာ ရှမဟန်အား တစ်ချက်ကြည့်လိုက်မိလေ၏။

ရှမဟန်ကလည်း သူ့အား စိုက်ကြည့်လိုက်သည်။

ပြီးမှ ဆက်ပြောလိုက်သည်။

"ကျုပ်နောက်ကို လိုက်လာတာ အကြောင်းရှိလို့လား"

စွန်းမင်းကျူးက ခေါင်းကို ခါယမ်းပြကာ ...

"ထွေထွေထူးထူး အကြောင်းထူးတော့ မရှိပါဘူးဗျာ၊ အခု ဂေဟာမှာ ရွှေကျားဂိုဏ်းချုပ်ကြီး မရှိပါဘူးခင်ဗျာ"

"ကျုပ်နဲ့ ဘာဆိုင်သလဲဗျာ"

"ဪ ... ဒီလိုပါ၊ ရွှေကျားဂေဟာမှာ အခု ရှိနေတာက ကျွန်တော်နဲ့ စချူးမေတို့ပါပဲ၊ စချူးမေကလည်း ဆရာ့ကို တော်တော် လေးစားပါတယ်ဗျာ၊ အဲဒါ အိမ်ကို အလည်လာဖို့ ကျွန်တော် ဖိတ် ခေါ်ပါတယ်"

ရှမဟန်က ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်၊ ကျုပ် မလိုက်နိုင်လို့ပါ"

စွန်းမင်းကျူးက စိတ်ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဆရာရှမဟန်"

ရှမဟန်က စကားဖြင့် ဆက်လိုက်သည်။

"ရောက်သင့်ရောက်ထိုက်တဲ့အချိန်ကျရင် ဘယ်သူမှ မဖိတ်ခေါ်ဘဲ ကျုပ် ရောက်လာမှာပါ၊ အခု လောလောဆယ်တော့ မလာနိုင်သေးပါဘူး"

ရှမဟန်၏စကားက ဆုံးနေလေပြီ။

စွန်းမင်းကျူးက ဆက်ပြောရန်အတွက် စကားရှာ၍ မတွေ့အောင် ဖြစ်သွားမိသည်။

သူသည် ရှမဟန်အား ကြည့်လိုက်၏။

"ရှမဟန်ဟာ အင်မတန် လျှို့ဝှက်တဲ့လူပါလား"

စွန်းမင်းကျူး၏စိတ်ထဲမှ ရေရွတ်လိုက်မိခြင်း ဖြစ်၏။

သူ့၌ စကားဆက်ရန် မရှိတော့ပေ။

ထိုစဉ် ...

ရှမဟန်က စကားစလိုက်သည်။

"ကျုပ်ကို သွားခွင့်ပြုပါဦး"

စွန်းမင်းကျူးက အလျင်အမြန်တားလိုက်သည်။

"နေပါဦး ... ဆရာရှမဟန်"



ရှမဟန် ရပ်တန့်သွား၏။

"ဘာပြောမလို့လဲ မိတ်ဆွေကြီး"

စွန်းမင်းကျူးက ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ထိုအခါ ရှမဟန်က ပြုံးလိုက်ပြီး ...

"မြေကြီးဟာ တစ်နေ့ထက်တစ်နေ့ ဘာမှထူးခြားမှုမရှိဘူး၊ ပြောင်းလဲမှုဆိုတာလည်း မရှိဘူး၊ အဲ ... ဒါပေမဲ့ ... မိုးကောင်းကင်ကြီးတော့ အရောင်အမျိုးမျိုး ပြောင်းလဲတတ်တယ် ...၊

ကျုပ် အကျယ် မပြောလိုတော့ပါဘူး၊ နေ့တိုင်း ခြေနင်းနေတဲ့ မြေကြီးကို ဆန့်ကျင်ပြီး ကောင်းကင်ပေါ်တက်ပြီး လျှောက်တာမျိုး မဖြစ်ထိုက်ပါဘူး၊ ကျုပ်ကိုတွေ့ချင်ရင် ဘုံကျောင်းပျက်ဆီကိုသာ လာခဲ့ပါ စွန်းမင်းကျူး"

ရှမဟန်သည် စွန်းမင်းကျူးအား လှည့်မကြည့်ဘဲ စကားတရစပ်ပြောကာ လှည့်ထွက်သွားတော့သည်။

သူသည် ရှမဟန်ပြောသွားသည့်စကားများကို တစ်ခုချင်း စဉ်းစားနေမိသည်။

သို့သော် ...

ရှမဟန်သည် သူ့အား ဆုံးမသြဝါဒများကို ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရွှေကျားဂေဟာသို့ ရှမဟန်အား ဖိတ်ခေါ်ခြင်းကို ရှမဟန်က လက်မခံခဲ့ပေ။

ရွှေကျားဂေဟာကို လိုက်ခဲ့ခြင်းမှာ ဘာမှမဆန်းပါ။

လိုက်၍လည်း ဘာမှမဖြစ်ပါ။

ရှမဟန်သည် အဘယ်ကြောင့် ရွှေကျားဂေဟာကို မလိုက် ရပါသနည်း။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းလည်း မရှိပါချေ။

စွန်းမင်းကျူးသည် စဉ်းစားရင်း တစ်ယောက်တည်း ကျန် ခဲ့လေသည်။

သူ၏စိတ်ထဲတွင်လည်း ...

"ဆရာရှမဟန်ဟာ တော်တော်ထူးဆန်းတဲ့ ပဟေဠိဆန်တဲ့ လူလိုပါလား"

စွန်းမင်းကျူး၏အတွေး၌ ထိုသို့ရေရွတ်လိုက်မိလေတော့ သည်။

★



ညဥ့်နက်သန်းခေါင်အချိန် ...။

စွန်းမင်းကျူးသည် တစ်ယောက်တည်း ပြန်လာသည်။

သူသည် ရွှေကျားဂေဟာသို့ ပြန်လည်ရောက်ရှိလာလေ သည်။

ခြံဝသို့ရောက်သောအခါ စွန်းမင်းကျူးသည် အံ့သြသွားလေ ၏။

အဘယ်ကြောင့်ဆိုသော် ... တစ်ခြံလုံးမှာ မီးများ လင်းထိန် လျက်ရှိသည်။

စွန်းမင်းကျူးသည် ရုတ်တရက် ထိတ်လန့်သွားသည်။

"ဘာများဖြစ်နေပါလိမ့်"

စိုးရိမ်မကင်းလည်း ဖြစ်သွားသည်။

ခြံထဲတွင် ...

www.burmeseclassic.com

www.burmeseclassic.com



လူစုလူဝေးများနှင့် ပြည့်နှက်နေသည်ကို တွေ့ရ လေသည်။

ထိုလူစုလူဝေးမှာ စွန်းမင်းကျူးအား စောင့်ကြည့်နေကြဟန်တူသည်။

မှန်သည် ...။

တကယ်လည်း စွန်းမင်းကျူးကို စောင့်နေကြခြင်းပင်။

လူစုစုအုပ်အုပ်ကြားတွင် စီမံညွှန်ကြားနေသူတစ်ဦးကို မြင်ရလေ၏။

ထိုလူကား ...

ထိုအုပ်စု၏ ခေါင်းဆောင်တည်း။

ထိုခေါင်းဆောင်မှာ အားလုံးထင်ထားသည့်အတိုင်း ရွှေကျား‌ဂိုဏ်းချုပ်ကြီး စုချူးထင်းပေတည်း။

စွန်းမင်းကျူးမှာ စုချူးထင်းအား တွေ့ရသည်နှင့် ဝမ်းသာအားရ ဖြစ်သွားသည်။

"ဂိုဏ်းချုပ်ကြီး ပြန်ရောက်နေပါပေါ့လား"

ထိုအချိန်တွင် ...

စုချူးထင်းသည် စွန်းမင်းကျူးအား တွေ့မြင်လိုက်ရသည်နှင့် ...



"စွန်းမင်းကျူး ... မင်း ရှမဟာန်နဲ့ သွားတွေ့တယ် မဟုတ်လား"

ဂိုဏ်းချုပ်ကြီးစုချူးထင်း၏အမေးကြောင့် စွန်းမင်းကျူးသည် ဘာပြောရမှန်းမသိဘဲ ဖြစ်သွားလေသည်။

ထို့နောက် ...

"ဂိုဏ်းချုပ်ကြီးစုက ငါ့ကိစ္စကို ဘယ်လိုလုပ် သိနေပါလိမ့်"

စွန်းမင်းကျူးသည် မတွေးတတ်အောင် ဖြစ်သွားလေသည်။

သို့ရာတွင် ... သေချာတွေးလျှင် သိပ်အံ့ဩစရာ မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ...

ဂိုဏ်းချုပ်ကြီးစုချူးထင်းအနားတွင် စုချူးမေကို တွေ့လိုက်ရသောကြောင့်တည်း။

ရှမဟာန်နောက် လိုက်သွားသောအချိန်တွင် စုချူးထင်း ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။

စွန်းမင်းကျူးအား မတွေ့သည့်အခါ စုချူးမေအား မေးကြည့်မည်။

စုချူးမေက အကျိုးအကြောင်း ပြောပြထားနိုင်သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော် ရှမဟန်ကို သွားတွေ့တာပါ"

စွန်းမင်းကျူးက အမှန်အတိုင်း ပြောပြလိုက်သည်။

စုချူးထင်း၏မျက်နှာသည် မည်းမှောင်သွားသည်။

"အဲဒီကောင်က အရူးကွ၊ စိတ်မနှံ့ဘူး၊ သိုင်းလောကတစ်ခု လုံးကလည်း ဒီကောင့်ကို အရူးလို့ သတ်မှတ်ထားတာ၊ မင်းက အရူး နဲ့ သွားဆက်ဆံတော့ ဘာဖြစ်သွားမလဲ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်း စမ်းပါ၊ မင်းဟာ တစ်နေ့မှာ ရွှေကျားဂိုဏ်းချုပ်ကြီး ဖြစ်လာမယ့်လူ ကွ"

ဂိုဏ်းချုပ်ကြီးက စိတ်ချုပ်တည်းထားရဟန်ဖြင့် ပြောလိုက် လေ၏။

စွန်းမင်းကျူးသည် စကားမပြောတော့ဘဲ ခပ်မဆိတ်ပင်နေ လိုက်သည်။

ပြောလိုက်လျှင် သူတို့ အချေအတင်စကားပြောရတော့ မည်။

ခြံဝင်းတစ်ခုလုံးမှာ လူများနှင့် ပြည့်လျက် ရှိနေသည်။

မြင်းများ၊ လှည်းများကလည်း တစ်ခြံလုံးအား ဝန်းရံလျက် ရှိနေသည်။



ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် သူ၏အလုပ်မှ ပြန် လည်ရောက်ရှိလာခြင်းဖြစ်သည်။

သူသည် အရောင်းအဝယ်ကိစ္စ ပြီးမြောက်ခဲ့သောကြောင့် လှည်းများဖြင့် ပြန်ရောက်လာခြင်း ဖြစ်သည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက တစ်ဆက်တည်း မေး လိုက်သည်။

"ဟိုကောင်လည်း မရှိတော့ဘူး မဟုတ်လား"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် သူ၏ညီမဖြစ်သူ စုထင်းဝမ်အား ရည်ရွယ်ပြီး ပြောဆိုလိုက်ခြင်းဖြစ်ကြောင်း စွန်းမင်း ကျူး နားလည်လိုက်သည်။

စွန်းမင်းကျူးသည် ဘာကိုမျှ ပြန်မပြောပါချေ။

သူသည် ရွှေကျားဂိုဏ်းချုပ် စုချူးထင်းကိုသာ ငေးကြည့် နေမိသည်။

ထို့နောက် ...

စုချူးမေအား တစ်ချက်ကြည့်လိုက်သည်။

စုချူးမေကလည်း သူ့အား ပြန်ကြည့်နေသည်။

သူမသည် ဘာမျှပြန်မပြောတော့ဘဲ ဖခင်ဖြစ်သူ ပြောလာ

www.burmeseclassic.com

www.burmeseclassic.com



မည့် စကားများကိုသာ နားထောင်နေလေသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ဒေါသသံဖြင့် ပြောလိုက်လေသည်။

"ငါသိသားပဲ၊ ဒီကောင်ဟာ ဘယ်တုန်းကမှ သစ္စာမရှိခဲ့ဘူး၊ ဒါ့ကြောင့်လည်း စွန်းမင်းကျူးကို အားကိုးပြီး ငါ ခရီးထွက်သွားတာပေါ့၊ ကောင်းပါတယ် ... တစ်နေ့ ဒီကောင် အသေဆိုးနဲ့ သေမယ့်ကောင်ပဲ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏စကားလုံးများမှာ အတော်ကို ပြင်းထန်လှသည်။

သူသည် ဒေါသထွက်နေပုံရသည်။

"ဘယ်တုန်းကမှ သစ္စာမရှိခဲ့ဘူး၊ တစ်နေ့ ငါ့ကို ဒုက္ခ လိမ့်မယ်လို့လည်း ထင်နေခဲ့တာ ကြာပြီ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏စကားသံများသည် စွ မင်းကျူး၏အကြားအာရုံ၌ ထင်ဟပ်နေဆဲဖြစ်သည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် တစ်ဦးတစ်ယော အား ရည်ရွယ်၍ ပြောခြင်းမရှိဘဲ အားလုံးကိုခြုံ၍ ပြောလိုက်ခြ ဖြစ်သည်။



စုချူးမေသည် ဦးလေးဖြစ်သူ စုထင်းဝမ်၏အကြောင်းကိုလည်း သူ၏အဖေအား အကုန်အစင် ပြောပြခဲ့ပုံရသည်။

"ဒါနဲ့ ဟိုအရူးက သမီးကို ဘာတွေပြောပြီး စည်းရုံးသွားသေးလဲ"

ဟိုအရူးဆိုသည်မှာ ရှမဟန်ကို ရည်ရွယ်၍ ပြောခြင်းဖြစ်သည်။

သမီးဖြစ်သူ စုချူးမေက ...

"ဘာမှ ထွေထွေထူးထူး မပြောပါဘူး ဖေဖေ၊ သမီးနဲ့မှ မတွေ့ရတာ"

"ဒီကောင့်မှာ ဘာရည်ရွယ်ချက်တွေ ရှိနေလဲ မသိဘူး၊ သိုင်းလောကကို ဖျက်ဆီးဖို့များ ကြံနေသလားမသိဘူး"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် ရှမဟန်နှင့် ပတ်သက်ပြီး သူ၏ထင်မြင်ချက်ကို ပြောလိုက်လေသည်။

စွန်းမင်းကျူးသည် ဘာမျှပြန်မပြောဘဲ ခပ်မဆိတ်ပင်နေလိုက်သည်။

သူသည် မည်သို့မျှ ပြန်လည်ပြောဆိုခြင်း မပြုပါချေ။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် သူ၏လူများအား အမိန့်ပေးလိုက်သည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းတွင် သူ၏တပည့် ဂိုဏ်းသားများ အလွန်များပြားလှပေသည်။

ရွှေကျားဂိုဏ်းသားများ နေထိုင်ရန်အတွက် ရွှေကျားဂေဟာ၏အနောက်ဘက်ဆောင်တွင် အဆောက်အအုံငယ်များ ရှိလေသည်။

ထို့ကြောင့် ...

ရွှေကျားဂိုဏ်းသားများသည် စုချူးထင်း အမိန့်ပေးလိုက်သည်နှင့် အနောက်ဘက်ဆောင်သို့ ထွက်ခွာသွားကြလေသည်။

★★★



အခန်း (၁၆)

ထိုနေ့ကား ...

ရွှေကျားဂေဟာအဖို့ အလွန်ထူးခြားသော နေ့တစ်နေ့ ဖြစ်သည်။

အချိန်မှာ ...

အလွန်သာယာလှပသော မနက်ခင်းအချိန် ဖြစ်သည်။

ရွှေကျားဂေဟာတွင် ဂိုဏ်းအသီးသီးမှ ကြွရောက်လာကြသော သိုင်းပညာရှင်ကြီးများလည်း ရှိနေကြသည်။

အကြောင်းမှာ ထိုနေ့သည် ...

ဇွန်းမင်းကျူးနှင့်ရွှေကျားဂိုဏ်းချုပ်၏သမီး စုချူးမေတို့၏ မင်္ဂလာဧည့်ခံပွဲပင် မဟုတ်ပါလော။

★

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ...

ရွှေကျားဂေဟာရှိ မင်္ဂလာဧည့်ခံပွဲသို့ လူထူးလူဆန်းတစ်ယောက် ဝင်လာသည်။

ထိုလူထူးလူဆန်းသည် အနီရောင်ဝတ်စုံအား ပုံမကျပန်းမကျ ဝတ်ဆင်ထားပြီး ဧည့်ပရိသတ်အလယ်ရှိ စားပွဲတစ်လုံးတွင် အကျအန ခပ်တည်တည်ပင် ဇွတ်ခနဲ ဝင်ထိုင်လိုက်သည်။

အနားမှလူများသည် လူထူးလူဆန်းအား တွေ့မြင်လိုက်သည်နှင့် နှာခေါင်းရှုံ့သွားကြလေသည်။

ထိုအခါ အစောင့်တစ်ယောက်က ထိုလူအား မေးမြန်းသည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘယ်ဂိုဏ်းကလဲ"

သို့သော် ...



လူထူးလူဆန်းမှာ ...

တုံ့ပြန်မှုမပြုရုံမကဘဲ စားပွဲပေါ်၌ အဆင်သင့်ရှိနေသော အကောင်းစား အရက်အိုးတစ်အိုးအား ဆတ်ခနဲ မ,ယူကာ အားရပါးရ သောက်နေလေတော့သည်။

လူထူးလူဆန်းကြီးမှာ အလွန်ညစ်ပတ်နေသည်။

သို့သော် ...

သူ၏မျက်နှာကျပုံကျပေါက်မှာ မဆိုးလှပါချေ။

မင်္ဂလာဧည့်ခံပွဲသို့ လာရောက်ကြသော ပရိသတ်များထဲတွင် သူတစ်ယောက်တည်းသာ ထူးထူးခြားခြား ညစ်ပတ်ပေရေနေပြီး အရောင်အဝါမဲ့လျက် ရှိနေသည်။

ထိုစဉ် ...

ဝတ်ကောင်းစားလှဝတ်ထားသည့် လူကုံထံတစ်ဦးက အစောင့်တစ်ဦးအား ခေါ်ပြီး မေးမြန်းလေ၏။

"ဒီနားခဏလာပါဦးကွယ်၊ ဒီပုဂ္ဂိုလ်က ဘယ်ကသူတောင်းစားလဲမသိဘူး၊ နံစော်နေတာပဲ၊ သူ့ကို မောင်းထုတ်ပေးစမ်းပါ"

ထိုအစောင့်လူငယ်မသွားမီ သိုင်းသမားတစ်ဦးက ထိုလူအား မေးမြန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သူလဲ၊ ဘယ်ဂိုဏ်းကလဲ"

သို့သော် ...

လူထူးလူဆန်းသည် မည်သို့မျှ တုံ့ပြန်ခြင်းမရှိဘဲ ခပ်လှမ်းလှမ်းသို့သာ ငေးကြည့်နေသည်။

၎င်း ငေးကြည့်နေသည်မှာ သတို့သားလောင်း စွန်းမင်းကျူး မင် ဖြစ်သည်။

"ဟိတ် ... ပြောနေတာ မကြားဘူးလား"

သိုင်းသမားက ထပ်မံမေးမြန်းလိုက်၏။

လူထူးလူဆန်းကြီးကမူ တုတ်တုတ်မျှ မလှုပ်ပါချေ။

"ကျုပ်ပြောနေတာ မကြားဘူးလား"

"ကြားတယ် ... မဖြေချင်လို့"

လူထူးလူဆန်းသည် စိတ်မရှည်ဟန်ဖြင့် ပြန်အော်လိုက်သည်။

"ဘာ ... ကြားတယ်၊ မဖြေချင်လို့ ... ဟုတ်လား"

လူထူးလူဆန်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

"ခင်ဗျား အခုထွက်သွားပါ"



လူထူးလူဆန်းက အေးအေးဆေးဆေးပင် ပြန်ဖြေလိုက်သည်။

"မသွားဘူး"

သိုင်းသမားသည် ဒေါသထွက်သွား၏။

"မသွားရင် သွားအောင်လုပ်တဲ့နည်း ကျုပ်မှာရှိတယ်"

လူထူးလူဆန်းက မထီတရီအမူအရာဖြင့် ...

"ရှိရင်လုပ်၊ ကျုပ်မသွားဘူး"

လူထူးလူဆန်းသည် တုတ်တုတ်မျှမလှုပ်ဘဲ ထိုင်မြဲထိုင်နေလေသည်။

"ဩော် ... ဒီလိုလား၊ ကောင်းပြီ ... ဒါဆို ကျုပ် လုပ်ပြမယ်"

သိုင်းသမားသည် လူထူးလူဆန်းကို အတွင်းအားအပြည့်ထည့်ပြီး ကိုင်ပေါက်ရန် မ,ယူလိုက်လေသည်။

သို့သော် ...

လူထူးလူဆန်းမှာ မြောက်ပါခြင်းမရှိဘဲ ဖင်ကိုကျောက်ချထားသလို ထိုင်ခုံမှခွာခြင်း မရှိပေ။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားမှာ အလွန်ထိတ်လန့်သွားပြီး နောက်သို့ ခြေနှ
လှမ်းခန့် ဆုတ်သွားသည်။

လူထူးလူဆန်းက သဘောကျစွာ တဟားဟား ရယ်မေ
လိုက်လေသည်။

"ဟား ... ဟား ... ဟား"

ထိုစဉ် ...

လူထူးလူဆန်းမှာ နောက်ထပ် အရက်အိုးတစ်အိုးကို ဆွဲယူ
ကာ မော့သောက်လိုက်ပြန်သည်။

ထိုအခိုက်မှာပင် ...

သိုင်းသမားနှစ်ယောက်သည် လူထူးလူဆန်း၏ဝဲယာ
လက်နှစ်ဖက်ကို ကိုင်ဆွဲပြီး လွှဲပစ်ရန် ကြိုးစားလိုက်သည်။

ထိုအခါမှ လူထူးလူဆန်းက စိတ်ပျက်ဟန်ဖြင့် ...

"မင်းတို့ ငါ့ကို ဘာအနှောင့်အယှက်မှ လာမပေးကြပါနဲ့
ငါ အေးအေးဆေးဆေး အရက်သောက်ပါရစေ၊ သွားကြစမ်း"

ပြောပြောဆိုဆို လူထူးလူဆန်းကြီးသည် အချုပ်ခံထား
သော လက်နှစ်ဖက်ကို ဆွဲကာ လှုပ်ယမ်းလိုက်ရာ သိုင်းသမားနှ
ယောက်တို့မှာ ဝုန်းခနဲ လွင့်စဉ်သွားကြလေသည်။



"တော်တော်အနှောင့်အယှက်ပေးတဲ့ ကောင်တွေပဲ"

လူထူးလူဆန်းသည် ဤသို့မကျေမနပ်ပြောဆိုညည်းတွား
ပြီး ထိုင်ရာမှထကာ စွန်းမင်းကျူးဆီသို့ ထသွားလေတော့၏။

★



www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးမှာ ငေးသည်များအား ငေးခံနေသည်။

ထို့အတူ ...

အခြားတစ်ဖက်၌လည်း စုချူးမေသည် မိန်းကလေးတစ်သိုက်နှင့် စကားလက်ဆုံကျနေသည်။

လူထူးလူဆန်းသည် ထလျှောက်သွားလေတော့၏။

သူသည် စွန်းမင်းကျူးကိုကြည့်ပြီး စွန်းမင်းကျူးအနားသို့ ကပ်သွားသည်။

"ညီလေး ... ရော့"

လူထူးလူဆန်းက လျှို့ဝှက်သောစာတစ်စောင်ကို စွန်းမင်းကျူး၏လက်ထဲ ထည့်လိုက်ပြီး ပြန်လည်ထွက်ခွာသွားလေတော့သည်။

လူထူးလူဆန်း၏လှုပ်ရှားမှုမှာ အလွန်မြန်ဆန်သော



ကြောင့် ကြွရောက်လာသော ဧည့်ပရိသတ်များမှာ သတိမထားမိလိုက်ကြပါချေ။

သူသည် စာပေးပြီးနောက် ရွှေကျားဂေဟာမှ ထွက်ခွာသွားလေတော့၏။

စွန်းမင်းကျူးသည် လူထူးလူဆန်းကြီးပေးခဲ့သောစာကို ဖြန့်ဖတ်လိုက်ရာ အောက်ပါအတိုင်း တွေ့ရှိရလေသည်။

*ကျူးကိုဝိုက် ...*

*အရေးကြီးနေတယ်၊ ရွှေကျားဂေဟာရဲ့ တောင်ဘက်မှာ ငါစောင့်နေမယ်၊ ဆက်ဆက်ထွက်လာခဲ့ပါ။*

*စုမာရှဲ ...*

*သတင်းစုံစမ်းရေးတာဝန်ခံ*

စွန်းမင်းကျူးသည် ပတ်ဝန်းကျင်အား ခေတ္တမျှ အကဲခတ်ကြည့်လိုက်သည်။

ပတ်ဝန်းကျင်တွင် ပရိသတ်များသည် သူ့အစုနှင့်သူ စကားဝိုင်းဖွဲ့ပြောနေ၍ ဆူညံနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

စွန်းမင်းကျူးအဖို့ အခွင့်ကောင်းတစ်ရပ် ရလိုက်သည်။

သူသည် ရွှေကျားဂေဟာမှ ရုတ်တရက် ထွက်ခွာလိုက်သည်။

★



သူသည် ကိုယ်ဖော့ပညာသုံး၍ ပြေးသွားရာ တစ်ခဏအတွင်းမှာပင် လမ်းမပေါ်တွင် ကန့်လန့်ဖြတ် ရပ်တန့်ထားသော မြင်းလှည်းတစ်စီးကို တွေ့လိုက်ရလေတော့သည်။

ထိုစဉ် ...

မြည်းလှည်းအိမ်အတွင်းမှ လူတစ်ယောက် ဆင်းလာလေ၏။

ထိုသူမှာ စွမ်းမင်းကျူးအား ချိန်းဆိုခဲ့သော သတင်းစုံစမ်းရေးတာဝန်ခံ စုမာရှဲပင် ဖြစ်တော့သည်။

စုမာရှဲက ပြုံးလိုက်ပြီး ...

"မင်း ရောက်လာပြီကိုး"

"ဟုတ်ကဲ့ ဆရာ"

စွန်းမင်းကျူးသည် လက်နှစ်ဖက်ကိုဆုပ်ပြီး သတင်းစုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



ရေးတာဝန်ခံ စုမာရှဲအား ဦးညွှတ်အရိုအသေပေးလိုက်သည်။

စုမာရှဲသည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး ...

"မင်းတာဝန် ဘယ်လိုလဲ"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"တာဝန်ပိုင်းအရပဲ ကျွန်တော် လှုပ်ရှားဆက်ဆံနေပါတယ် ဆရာ"

စုမာရှဲက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ...

"မင်း ... ငါနဲ့ အခုလိုက်ခဲ့ရမယ် ကျူးကိုပိုက်"

စွန်းမင်းကျူး၏အမည်ရင်းမှာ ကျူးကိုပိုက်ဖြစ်သည်။

စွန်းမင်းကျူးဆိုသည်မှာ သူ့နာမည် မဟုတ်ချေ။

ဆရာဖြစ်သူ၏စကားကြောင့် ကျူးကိုပိုက်မှာ ထိတ်လန့်သွားဟန်ဖြင့် ...

ထို့နောက် ...

"အခုလောလောဆယ် လိုက်လို့ဖြစ်ပါ့မလား ဆရာ"

စုမာရှဲက ရယ်မောလိုက်ပြီး ...

"အခြေအနေတွေကို ငါတို့ အဆက်မပြတ် ထောက်လှမ်းနေတော့ မင်းအခြေအနေကို ငါတို့ သိထားပါတယ်၊ မင်း အခု ငါတို့



နဲ့ လိုက်ခဲ့ရမယ်"

ကျူးကိုပိုက်သည် နှုတ်ဆိတ်သွားသည်။

"ဟိုမှာလည်း မင်္ဂလာဧည့်ခံပွဲကြီးနဲ့ ဖြစ်ပါ့မလား ဆရာ"

စုမာရှဲက ပြုံးလိုက်ပြီး ...

"ငါပြောပြီးပြီပဲ ကျူးကိုပိုက်၊ ဖြစ်ပါတယ်၊ မင်း ဘာမှမပူပါနဲ့"

စုမာရှဲသည် ထိုသို့ပြောရင်း မြင်းလှည်းအိမ်တံခါးကိုဖွင့်၍ လူတစ်ယောက်ကို ဆင်းခဲ့ဖို့ ခေါ်လိုက်သည်။

လူတစ်ယောက်သည် မြင်းလှည်းအိမ်ထဲမှ ဆင်းလာလေသည်။

မြင်းလှည်းအိမ်ထဲမှ ဆင်းလာသောလူကို တွေ့လိုက်ရသောအခါ ကျူးကိုပိုက်သည် အလွန်ထိတ်လန့်သွားသည်။

"ဟင်"

"သူ့နာမည်က စွန်းမင်းကျူးပဲ ကျူးကိုပိုက်"

သတင်းစုံစမ်းရေးတာဝန်ခံ စုမာရှဲက စွန်းမင်းကျူးအစစ်နှင့် ကျူးကိုပိုက်အား မိတ်ဆက်ပေးလိုက်သည်။

"မင်းက စွန်းမင်းကျူးအတုပဲ၊ မင်းတာဝန်က လက်ထော

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းရေးမှူးတာဝန်ပဲ၊ သူက ကွယ်လွန်သွားပြီဖြစ်တဲ့ အဆင့်မြင့် သိုင်းဆရာကြီး ကျင်းတုံရဲ့တပည့်အရင်းပဲ၊ ဒါပေမဲ့ အခု သူဟာ သိုင်းပညာ လုံးဝမတတ်တော့ဘူးကွ"

ထိုစကားကြောင့် ကျူးကိုပိုက်သည် အလွန်အံ့ဩသွားလေသည်။

ထို့ထက်ပို၍ အံ့ဩရသည်မှာ စွန်းမင်းကျူးအစစ်၏မျက်နှာသည် ကျူးကိုပိုက်နှင့် ခွဲမရအောင် တူနေသောကြောင့် ဖြစ်လေသည်။

ကျူးကိုပိုက်က စုမာရှဲဘက်သို့ လှည့်လိုက်ပြီး ...

"သူက ဘာဖြစ်လို့ သိုင်းပညာမတတ်တော့တာလဲ ဆရာ"

စုမာရှဲသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်ပြီးနောက် ...

"သူတတ်ထားတဲ့ သိုင်းပညာတွေအားလုံးကို ငါက ဖျက်ဆီးပစ်လိုက်လို့ ကျူးကိုပိုက်၊ မင်း အံ့ဩနေသလား"

ကျူးကိုပိုက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် သဘောမပေါက်ဘူးဆရာ၊ စွန်းမင်းကျူးဟာ သိုင်းပညာ အတော်အဆင့်မြင့်သူတစ်ယောက်လို့ ကျွန်



တော် နားလည်ထားခဲ့ပါတယ်၊ အခု ဘယ်လိုဖြစ်ပြီး သူက သိုင်းပညာ မတတ်တော့တာလဲ"

စုမာရှဲက ပြုံးလိုက်ပြီး ...

"မင်းသိအောင် ငါပြမယ်"

စုမာရှဲသည် စွန်းမင်းကျူးအစစ်၏အင်္ကျီကို လှန်လိုက်ပြီး

"ဒီမှာကြည့်စမ်း ကျူးကိုပိုက်"

ဟု ပြလိုက်သည်။

စွန်းမင်းကျူးအစစ်၏ဝမ်းဗိုက်တစ်နေရာတွင် အမည်းရောင်အကွက်တစ်ခုကို တွေ့လိုက်ရသည်။

"အဲဒီအကြောတွေကို ငါပိတ်ပြီး သူ့ရဲ့သိုင်းပညာရပ်တွေကို ငါဖျက်ဆီးလိုက်တာပဲ၊ သူတတ်ထားတဲ့ သိုင်းပညာတွေအားလုံး ပျက်စီးသွားပြီ၊ အခု အရေးကြီးတာက မင်္ဂလာဧည့်ခံပွဲမှာ သူ့ကို လူစားလဲထည့်ပြီး မင်းကို ပြန်ခေါ်သွားမလို့ပဲ ကျူးကိုပိုက်"

"ခင်ဗျာ"

စုမာရှဲက ကျူးကိုပိုက်၏ဟန်မူရာကိုကြည့်ပြီး ...

"မစိုးရိမ်နဲ့၊ မင်းနဲ့ငါ ကိစ္စတွေ ရှင်းပြီးတာနဲ့ မင်းကို ဒီပြန်လွှတ်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျူးကိုပိုက်သည် အထစ်ထစ်အငေါ့ငေါ့ဖြင့် …

"သူ … သူက …"

စုမာရှဲက ပြုံးလိုက်ပြီး …

"သူက မင်းမရှိတုန်း မင်းကိုယ်စား သတို့သားတာဝန်ကို ခေတ္တယူထားပါလိမ့်မယ်"

"ဖြစ်ပါ့မလား ဆရာ"

ကျူးကိုပိုက်၏မျက်နှာပေါ်တွင် လွန်စွာစိုးရိမ်ထိတ်လန့်ဟန်များ အထင်သား ပေါ်လွင်နေလေသည်။

စုမာရှဲသည် ကျူးကိုပိုက်၏အမူအရာကို လှမ်းကြည့်ကာ သဘောကျစွာ ရယ်မောလိုက်ပြီး …

"ဟား ဟား ဟား … မင်းက စွန်းမင်းကျူးကို စိုးရိမ်နေတာကိုး၊ မင်းရဲ့ဇနီးလောင်း စုချူးမေကို သူ ဘာမှမလုပ်နိုင်ပါဘူးကွာ၊ သူ့မှာ ယောကျ်ားခွန်အားတွေ ဘာမှမရှိတော့ဘူးကွ၊ ငါ အားလုံးတာဝန်ယူပါတယ်ကွာ၊ မင်းအနေနဲ့ အလွန်ဆုံး သုံးရက်ထက်လည်း ပိုမှာမဟုတ်ဘူး၊ ကိစ္စပြီးပြီးချင်း မင်းကို ပြန်လွှတ်မယ်"

ကျူးကိုပိုက်သည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်လေသည်။



စုမာရှဲသည် သူ၏ပခုံးအား လက်ဖြင့် တစ်ချက်ပုတ်လိုက်ပြီး …

"ကဲ … မြင်းလှည်းပေါ်က စောင့်နေ၊ ငါ မင်္ဂလာပွဲကို သွားပြီး သူ့ကို ပို့လိုက်ဦးမယ်"

စုမာရှဲသည် စွန်းမင်းကျူး၏လက်ကိုဆွဲပြီး ရွှေကျားဂေဟာသို့ ပြေးသွားလေတော့၏။

စုမာရှဲသည် ရွှေကျားဂေဟာသို့ ရောက်သောအခါ တံခါးဝမှ ခပ်တည်တည်ဝင်သွားလေ၏။

အစောင့်များသည် သတို့သား စွန်းမင်းကျူးကိုကြည့်ပြီး အံ့ဩနေသည်။

သတို့သား အပြင်ကပြန်လာသည် မဟုတ်ပါလော။ မည်သည့်အချိန်က ထွက်သွားကြောင်း သူတို့ မသိကြချေ။

စုမာရှဲသည် အခြေအနေထူးခြားနေသည်ကို သတိပြုမိလိုက်သည်။

အကြောင်းမှာ …

မင်္ဂလာဧည့်ခံပွဲတွင် ရုတ်တရက် ပျောက်ကွယ်သွားသော စွန်းမင်းကျူးအား လိုက်လံရှာဖွေကြသော လူတချို့ကို ခပ်လှမ်းလှမ်း

www.burmeseclassic.com

www.burmeseclassic.com



တွင် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

စုမာရှဲက ...

"ကဲ ... ဒီဇာတ်ကို မင်းဆက်ပြီး ကပေတော့"

★★★



## အခန်း (၁၇)

ယခု ...

သတင်းစုံစမ်းရေးတာဝန်ခံ စုမာရှဲနှင့် လက်ထောက် သတင်း စုံစမ်းရေးတာဝန်ခံ ကျူးကိုပိုက်တို့သည် အမတ်ချုပ်ကြီး စီးယန်၏စံအိမ်တော်သို့ ရောက်လာကြသည်။

အမတ်ချုပ်ကြီး စီးယန်သည် စုမာရှဲနှင့်ကျူးကိုပိုက်အား တွေ့မြင်လိုက်သည်နှင့် ပြုံးပြီး ကြိုဆိုလိုက်သည်။

အမတ်ချုပ်ကြီး စီးယန်၏ဧည့်ခန်းမဆောင်သည် အလွန် ပင် ကြီးကျယ်ခမ်းနားလှသည်။

အပြင်အဆင် အမွှမ်းအမံတို့မှာလည်း အလွန်ပင် အဆင့် အတန်း မြင့်မားလှသည်။

"ထိုင်ပေဟ့ ... စုမာရှဲ"

အမတ်ချုပ်ကြီးစီးယန်သည် သူတို့နှစ်ယောက်အား ခုံမှ

www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ညွှန်ပြလိုက်သည်။

အမတ်ချုပ်ကြီးစီးယန်၏မျက်လုံးအစုံသည် ကျူးကိုပိုက်ထံသို့ ရောက်နေသည်။

အတန်ကြာမှ ...

"အားလုံးချောချောမောမောပဲလားဟေ့ ကျူးကိုပိုက်"

ကျူးကိုပိုက်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော့်ရဲ့တာဝန်ကိုတော့ မလစ်ဟင်းစေရပါဘူး"

အမတ်ချုပ်ကြီးစီးယန်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ...

"အခု မြို့စားဟောင်း လုမန်းထုံတစ်ယောက် တစ်စုံတစ်ယောက်ရဲ့လက်ချက်နဲ့ ဆုံးသွားပြီကွဲ့ ... အဲဒါ မင်းသိလား"

ကျူးကိုပိုက်သည် အံ့ဩသွားမိသည်။

"ဗျာ"

အမတ်ချုပ်ကြီးစီးယန်က စုမာရှဲအား မေးငေ့ပြလိုက်ပြီး

"မင်း ဒီကိစ္စကို သေသေချာချာ သိချင်ရင်တော့ မင်းဆရာ စုမာရှဲကို မေးကြည့်၊ မင်းကို စုမာရှဲက ပြောပြလိမ့်မယ်"



ကျူးကိုပိုက်သည် ဆရာဖြစ်သူ စုမာရှဲအား လှမ်းကြည့်လိုက်သည်။

စုမာရှဲသည် ကျူးကိုပိုက်အား ရှင်းပြလိုက်လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ ...

မြို့စားဟောင်း လုမန်းထုံဆိုတဲ့သူက မင်းရွှက်နယ်သား တစ်ယောက်ပဲ၊ သူ့ရဲ့အဓိကလုပ်ငန်းကတော့ ဓားပြဂိုဏ်းကြီးတစ် တည်ထောင်ထားတယ်၊ အမှန်တော့ သူဟာ လူကြီးလူကောင်းဟ ဆောင်ပြီး မင်းရွှက်နယ်မှာ လှုပ်ရှားနေတဲ့ လူဆိုးတစ်ယောက်ပဲ ...

သူ့ဆီမှာ ကျောက်စိမ်းလိပ်ပြာတစ်စုံ ရှိတယ်၊ အဲ ကျောက်စိမ်းလိပ်ပြာတစ်စုံဟာ အင်မတန် တန်ဖိုးကြီးတယ်၊ သူ့က လုပ်ကြံသတ်ဖြတ်သွားတဲ့လူဟာ ငါတို့အလိုရှိနေတဲ့ ပေယင်စိမ်းဆိုတ ပုဂ္ဂိုလ်ပဲ ...၊

လိုရင်းကို တိုတိုရှင်းရှင်းနဲ့ ပြောရရင် ကျောက်စိမ်းလိပ်ပြ တစ်စုံရှိတဲ့ ပေယင်စိမ်းကို ဖမ်းဖို့ပဲ"

ကျူးကိုပိုက်က ဆရာဖြစ်သူအား ကြည့်လိုက်ပြီး ...



"အဲဒီကျောက်စိမ်းလိပ်ပြာက ကျွန်တော်တို့နဲ့ ဘယ်လိုပတ်သက်သလဲ ဆရာ"

အမတ်ချုပ်ကြီးစီးယန်က ကြားဝင်ရှင်းပြသည်။

"ဒီကိစ္စကို ကျုပ် ရှင်းပြမယ် ...၊

အဲဒီကျောက်စိမ်းလိပ်ပြာတစ်စုံဟာ ကျုပ်တို့ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ ဘိုးဘွားပိုင်ပစ္စည်းပဲ၊ မြို့စားဟောင်း လုမန်းထုံဟာ ကျောက်စိမ်းလိပ်ပြာကို ခိုးယူပြီး လျှို့လျှို့ ဝှက်ဝှက် သိမ်းထားပုံရတယ်၊ အခု သူသေမှ ဒီသတင်းက ပြန်ပြီး သက်ဝင်လှုပ်ရှားလာတယ် ...၊

ဒါကြောင့် အဲဒီကျောက်စိမ်းလိပ်ပြာကို ကျုပ်တို့ ပြန်ယူချင်တယ်၊ ပေယင်စိမ်းကို ကျုပ်တို့ အလိုရှိနေတာကတော့ သူက သိုင်းလောကတစ်ခုလုံးကို မသမာတဲ့နည်းနဲ့ ချယ်လှယ်ပြီး သိုင်းလောကသားတွေကို စည်းရုံးနေလို့ပဲ ...၊

ဒီလိုစည်းရုံးနေတာကလည်း အကြောင်းမဲ့မဟုတ်ဘူး၊ သူဟာ ကျုပ်ကိုဆန့်ကျင်ပြီး ပုန်ကန်ခြားနားဖို့ လူသူလက်နက်စုဆောင်းနေတာပါ၊ နောက်ပြီး ရွှေကျားဂေဟာစုချူးထင်းနဲ့လည်း အဆက်အသွယ်ရှိတယ်လို့ ကြားတယ် ...၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျုပ်နဲ့ သတင်းစုံစမ်းရေးတာဝန်ခံ စုမာရှဲတို့ ပေါင်းပြီး သိုင်းသမားစွန်းမင်းကျူးကို ဖမ်းဆီးရတာပဲ၊ ဖမ်းရတဲ့ အကြောင်းကလည်း ကျုပ်တို့မှာ ခိုင်လုံတဲ့အကြောင်းပြချက် ရှိတယ်၊

အဲဒါ ဘာလဲဆိုတော့ ... စွန်းမင်းကျူးဟာ စုချူးထင်းနဲ့ ခင်မင်ရင်းနှီးလို့ပဲ၊ နောက်တစ်ချက်က စွန်းမင်းကျူးဟာ မင်းနဲ့ အင်မတန် ရုပ်ချင်းဆင်တယ်၊ ဒါမှ မင်းကို စွန်းမင်းကျူးဟန်ဆောင်ပြီး ရွှေကျားဂေဟာကို စေလွှတ်နိုင်မယ်မဟုတ်လား”

အမှတ်ချုပ်ကြီးစီးယန်၏စကားအဆုံးတွင် ကျူးကိုပိုက်မှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

ယခုမှ ... ကျူးကိုပိုက်သည် သဘောပေါက်သွားလေသည်။

သူ၏တာဝန်မှာ ရွှေကျားဂိုဏ်းချုပ်စုချူးထင်းနှင့် အဆက်အသွယ်ရှိသောလူများအား လေ့လာမှတ်သားပြီး သတင်းစုံစမ်းရေးတာဝန်ခံ စုမာရှဲထံသို့ သတင်းပို့ရန်သာဖြစ်ကြောင်း သိရှိထားလေသည်။

ယခုမှ ...

သူသည် အဖြစ်အပျက်မှန်ကို သိရှိရလေတော့သည်။



ထိုစဉ်မှာပင် ...

အမှတ်ချုပ်ကြီးစီးယန်က စကားဆက်လိုက်သည်။

“ပေ့ယင်စိမ်းဟာ အင်မတန် ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ယုတ်မာတဲ့လူတစ်ယောက်ပဲကွ၊ ဒီကောင်ဟာ လူသတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ ကမ်းကုန်အောင်သတ်တဲ့ လူသတ်သမားပဲ၊ ဒါကြောင့် ဒီကောင့်ကို ကျုပ် အလိုရှိနေတာပါ”

ကျူးကိုပိုက်က ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့ပါ အမှတ်ချုပ်ကြီးခင်ဗျာ ... ကျွန်တော့်တာဝန်ပိုင်းကတော့ မလစ်ဟင်းစေရပါဘူး၊ အမှတ်ချုပ်ကြီးရဲ့ဆန္ဒအတိုင်း ကျွန်တော် လက်ရဖမ်းဆီးနိုင်အောင် တာဝန်ယူပြီး ကြိုးစားပါ့မယ်”

အမှတ်ချုပ်ကြီးစီးယန်သည် ခေါင်းညိတ်လိုက်လေတော့သည်။

“အေး ... ဝမ်းသာပါတယ် ကျူးကိုပိုက်”

★

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

ကျူးကိုပိုက်သည် သူ၏ဆရာစုမာရှဲအား ကြည့်လိုက်ပြီး မေးလိုက်သည်။

"ဆရာ ... ရှမဟာန်ကို သိလား"

"ဘယ်က ရှမဟာန်လဲ ... ငါ မသိပါဘူးကွ"

စုမာရှဲက ပြန်ပြောလိုက်လေသည်။

အမတ်ချုပ်ကြီး စီးယန်ကမူ ဘာမျှပြန်မပြောဘဲ ကျူးကိုပိုက်၏စကားကိုသာ နားစွင့်နေလေသည်။

ထိုအခါ ...

ကျူးကိုပိုက်က သူ၏စကားကို ပြန်ဆက်လိုက်လေတော့သည်။

"ရှမဟာန်ဆိုတာ စာပေသမားတစ်ယောက်ပါ၊ သူဟာ သိုင်းလောကသားတွေနဲ့ သိပ်အဆင်မပြေဘူး၊ နောက်ပြီး ရှမဟာန်ဆိုတာ တိဗက်ပြည်သားတစ်ယောက်ပဲ ...၊

ကျွန်တော် သူ့ကို စိတ်ဝင်စားနေတယ်၊ သူဟာ ဘယ်လိုလူစားမျိုးလဲ၊ ဘယ်လိုပုံစံမျိုးနဲ့ လှုပ်ရှားနေတာလဲ၊ သူ့မှာ ဘာရည်ရွယ်ချက်တွေရှိသလဲ၊ သူဟာ စာပေသမားတစ်ယောက်ဆိုတာ အမှန်ပဲလား၊ ဒါမှမဟုတ် တခြားလျှို့ဝှက်ချက်တွေ ရှိနေလို့ ဖုံးကွယ်ထားတာလားဆိုတာ ကျွန်တော် လိုက်စုံစမ်းနေပါတယ်"

အမတ်ချုပ်ကြီးစီးယန်က ကြားဖြတ်ဝင်ပြောလိုက်လေသည်။

"အေး ... ဒီလိုစုံစမ်းတာ ကောင်းတယ်၊ မင်း ဆက်ပြီးဆောင်ရွက်ပါ ကျူးကိုပိုက်၊ ရှမဟာန်ဆိုတဲ့လူဟာ မထင်မှတ်ဘဲ မှေယင်စိမ်းနဲ့ အဆက်အသွယ်လုပ်နေတဲ့ လူတစ်ယောက်လည်း ဖြစ်နိုင်တယ် ...၊

ဒါမှမဟုတ်ရင်လည်း သူကိုယ်တိုင် ရုပ်ဖျက်ထားတဲ့ မှေယင်စိမ်းကိုယ်တိုင်လည်း ဖြစ်နိုင်တယ်၊ အဲဒီတော့ မင်း သူ့ကို မျက်ခြည်ပြတ်မခံနဲ့ ... ကြားလား"

"ဟုတ်ကဲ့ပါ အမတ်ချုပ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အတန်ကြာအောင် ဆွေးနွေးပြီးနောက် အမှတ်ချုပ်ကြီးစီးယန်အား နှုတ်ဆက်ကာ အမတ်ချုပ်ကြီး၏စံအိမ်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။

သုံးရက်ခန့်ကြာမည်ဟု ပြောခဲ့သောကိစ္စတစ်ရပ်သည် တစ်ချက်တည်းနှင့်ပင် ပြီးပြတ်သွားသည်။

ကျူးကိုပိုက်သည် ဆရာဖြစ်သူ စုမာရှဲအား နှုတ်ဆက်၍ ရွှေကျားဂေဟာသို့ ခရီးဆက်လက်ထွက်ခွာလာခဲ့သည်။

★



သူသည် မြင်းကို အသော့နှင်ပြီး ခရီးဆက်လာသောအခါ စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာသည်။

ကျူးကိုပိုက်သည် မြင်းပေါ်မှဆင်း၍ စားသောက်ဆိုင်အတွင်းသို့ ဝင်လိုက်သည်။

ထို့နောက် ...

အစားအသောက်များ မှာယူ၍ စားသောက်လိုက်လေသည်။

ထိုစဉ်မှာပင် ...

ကျူးကိုပိုက်ထိုင်နေသော စားပွဲရှေ့သို့ လူတစ်ယောက် ရောက်ရှိလာသည်။

ထိုလူမှာ ... ဟုန်ကျွမ့် (သို့မဟုတ်) ရှမ်းယန်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယန်က ပြုံးလိုက်ပြီး ...

"ခင်ဗျား နေကောင်းသွားပြီလား"

ကျူးကိုပိုက်က ရှမ်းယန်အား နေရာထိုင်ခင်း ပေးလိုက်ပြီး ...

"ကျွန်တော် နေကောင်းပါတယ်၊ ဘာဖြစ်လို့လဲ ရှမ်းယန်"

ရှမ်းယန်သည် မျက်မှောင်ကြုတ်လိုက်ပြီး ကျူးကိုပိုက်အား အကဲခတ်ကြည့်လိုက်ပြီး ...

"ရွှေကျားဂေဟာက မနေ့ကပဲ ကျွန်တော် ပြန်လာခဲ့ပါတယ်၊ မနေ့ကပဲ ခင်ဗျားကိုကုသပေးနေတဲ့ သမားတော်ကြီးရဲ့ ပြောပုံဆိုပုံအရဆိုရင်တော့ ...

ခင်ဗျားဟာ အကြောပိတ်ခံနေရတဲ့လူ တစ်ယောက်ပဲပါ၊ အကြောတွေက ခင်ဗျားရဲ့သိုင်းပညာရပ်တွေကို ဖျက်ဆီးပစ်လိုက်ပြီလို့ ပြောကြတယ်၊ အခုလို မမျှော်လင့်ဘဲ ဒီနေရာမှာ ခင်ဗျားကို မြင်လိုက်ရတော့ ကျုပ်ဖြင့် အံ့ဩလို့မဆုံးဘူး"

ထိုစကားကြောင့် ကျူးကိုပိုက်က ပြုံးလိုက်မိသည်။

ရှမ်းယန်သည် မိမိအား ရွှေကျားဂေဟာမှ စွန်းမင်းကျူးက ထင်ပြီး ယခုကဲ့သို့ ပြောဆိုနေခြင်းဖြစ်သည်။



ကျူးကိုပိုက်က ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော် အရင်လိုပြန်ပြီး ကျန်းမာသွားပါပြီဗျာ"

ရှမ်းယန်က ဝမ်းသာအားရဖြင့် ...

"ခင်ဗျား နေပြန်ကောင်းလာလို့ ကျုပ် အရမ်းဝမ်းသာပါတယ် ကျုပ်ဆရာ ရှုမဟန်ကလည်း ခင်ဗျားကို အာဃာတမထားဖို့ ပြောတယ်၊ ကျုပ်ဆရာရဲ့စကားကို နားထောင်ပြီး ခင်ဗျားကို ကျုပ် အာဃာတ မထားတော့ဘူးဗျာ"

ကျူးကိုပိုက်သည် ရှမ်းယန်၏စကားထဲ၌ ရှုမဟန်ဟူသော အမည်ကို ကြားလိုက်ရသောကြောင့် စိတ်ဝင်စားသွားသည်။

သို့သော် ...

သူ့တွင် အချိန်မရှိသဖြင့် ရှမ်းယန်အား စကားစ ဖြတ်၍ နှုတ်ဆက်ပြီး ခရီးဆက်ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးကိုပိုက်သည် မြင်းကို ဒုန်းစိုင်း မောင်းနှင်လာရင်းမှ မကြာမီအချိန်အတွင်း ရွှေကျားဂေဟာတည်ရှိရာမြို့သို့ ရောက်ရှိလာသည်။

သူသည် မြို့စွန်လမ်းအတိုင်း မြင်းကို အတန်ကြာ မောင်းနှင်မိသောအခါ ...

"ရပ်လိုက်"

ရုတ်တရက် ထွက်ပေါ်လာသော ဟန့်တားသံကြောင့် သူ၏ မြင်းသည် ရုတ်တရက် ရပ်တန့်သွားသည်။

ထိုစဉ်မှာပင် မျက်နှာဖုံးများစွပ်ပြီး ဝတ်စုံနက်များ ဝတ်ဆင်ထားသော လူငါးယောက်သည် ချုံကွယ်မှ ထွက်ပေါ်လာသည်။

ကျူးကိုပိုက်သည် ထိုလူငါးယောက်ထဲမှ ခေါင်းဆောင်ဖြစ်သူအား ...



"ခင်ဗျား ဘယ်သူလဲ"

ခေါင်းဆောင်ဖြစ်သူက အေးစက်သောလေသံဖြင့် ...

"ကျုပ် ဘယ်သူပဲဖြစ်ဖြစ် မင်း မေးစရာမလိုဘူး"

ကျူးကိုပိုက်က ရယ်လိုက်၏။

"ခင်ဗျားကို ကျုပ်သိတယ်၊ ခင်ဗျား စုထင်းဝမ် မဟုတ်လား၊ ကျုပ်ကို ညာဖို့ မကြိုးစားပါနဲ့၊ ခင်ဗျားအသံကို ကျုပ် ကောင်းကောင်းမှတ်မိပါတယ်"

ကျူးကိုပိုက်က ပိုင်နိုင်စွာ စွပ်စွဲလိုက်လေတော့၏။

ကျူးကိုပိုက်၏စွပ်စွဲချက် တိကျမှုကြောင့် ခေါင်းဆောင်ဖြစ်သူမှာ ထိတ်လန့်အံ့ဩသွားသည်။

"ဟုတ်တယ် ... ကျုပ် စုထင်းဝမ်ပဲ၊ အဲဒီတော့ မင်းကို သတ်ပစ်ရမယ်၊ အခုအချိန်မှာ မင်းဟာ ဘာသိုင်းပညာမှ မတတ်တော့ဘူး၊ မင်းရဲ့အကြောအခြင်တွေဟာ ပုံမှန်မရှိတော့ဘူး ... ဟုတ်တယ်မဟုတ်လား"

ကျူးကိုပိုက်က မည်သို့မျှ အဖြေမပေးဘဲ တဟားဟား အော်ရယ်လိုက်လေ၏။

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

စုထင်းဝမ်သည် သူ၏လူတစ်ယောက်ကို ကျူးကိုပိုက်အား တိုက်ခိုက်ရန် အမိန့်ပေးလိုက်လေတော့သည်။

★★★



## အခန်း (၁၈)

စုထင်းဝမ် အမိန့်ပေးလိုက်သည်နှင့် မျက်နှာဖုံးစွပ်ထားသောလူတစ်ယောက်သည် ကျူးကိုပိုက်အနားသို့ တိုးကပ်လာလေသည်။

ကျူးကိုပိုက်သည် မည်သို့မျှ ရှောင်တိမ်းခြင်းမပြုချေ။

ထို့ကြောင့် ...

မျက်နှာဖုံးစွပ်ထားသောလူသည် အတင့်ရဲစွာဖြင့် ချဉ်းကပ်လာရာ ...

ကျူးကိုပိုက်သည် သူ၏ခြေအစုံကို စွန့်ရဲလေဟုန်စီးသိုင်းကွက်ဖြင့် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

ဟူသော အသံနှင့်အတူ မျက်နှာဖုံးစွပ်ထားသောလူသည် အဝေးသို့ လွင့်စဉ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ" စုထင်းဝမ် ... ခင်ဗျား ကျုပ်ရဲ့လှုပ်ရှားမှုကို မြင်တယ်မဟုတ်လား၊ ကဲပါလေ ... ခင်ဗျားကိုယ်တိုင် လာစမ်းလိုက်ပါ"

စုထင်းဝမ်သည် ထိတ်လန့်တကြားဖြင့် ...

"မင်း ... မင်းရောဂါအခြေ ..."

သူသည် စကားကို ရှေ့မဆက်နိုင်တော့ပါ။

အဘယ်ကြောင့်ဆိုသော် ...

ရုတ်တရက် သာယာငြိမ့်ညောင်းသော ပလွေသံကို ကြားလိုက်ရသောကြောင့်ပင် ဖြစ်သည်။

စုထင်းဝမ်သည် ယင်းပလွေသံကို ကြားလိုက်ရသောအခါ မျက်စိမျက်နှာပျက်ကာ သူ့လူလေးယောက်နှင့်အတူ တစ်ချိုးတည်း ထွက်ပြေးသွားလေတော့သည်။

★



ကျူးကိုပိုက်သည် စုထင်းဝမ် မည်သည့်အတွက်ကြောင့် ထွက်ပြေးသွားသည်ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ထိုစဉ်မှာပင် ...

သူ၏ရှေ့တွင် ရှမဟန်အား ဘွားခနဲတွေ့လိုက်ရလေတော့သည်။

"မိတ်ဆွေကြီးနဲ့ မတွေ့ရတာတောင် အတော်ကြာသွားပြီနော်၊ ကျန်းမာရဲ့လား"

ကျူးကိုပိုက်က ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျန်းကျန်းမာမာပါပဲဗျာ"

ရှမဟန်က တစ်ကိုယ်တည်း ပြောသလိုလိုနှင့် ...

"အင်း ... လူတွေဟာ တော်တော်လျှို့ဝှက်ကြတယ်၊ ဒီလိုပဲ လူကြီးလူကောင်းဟန်ဆောင်နေတဲ့ ဓားပြကြီး လူမန်းထုံကလည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့လျှို့ဝှက်မှုကို သေတဲ့အထိတောင် မပြခဲ့ဘူး၊ သူခိုးထားတဲ့ အမတ်ချုပ်ကြီးစီးယန်ရဲ့ဘိုးဘွားပိုင်ကျောက်စိမ်းလိပ်ပြာဟာ အခု ဘယ်မှာလဲ၊ ဘယ်သူမှမသိကြဘူး"

ရှမဟာန်၏စကားများကြောင့် ကျူးကိုပိုက်မှာ ရုတ်တရက် ထိတ်လန့်သွားတော့သည်။

"ဟာ ... ခင်ဗျား ဒါတွေကို ဘယ်လိုလုပ်သိတာလဲ"

ရှမဟာန်က ပြုံးစစဖြင့် ...

"ဩော် ... မိတ်ဆွေကရော ဒီကိစ္စကို ဘယ်လိုလုပ်ပြီး သိနေတာလဲ"

ကျူးကိုပိုက်သည် အသင့်တော်ဆုံးအဖြေကို ဖြေလိုက်လေသည်။

"ဩော် ... သိုင်းလောကတစ်ခုလုံး သိနေတဲ့အကြောင်းကို ကျုပ်သိတာ မဆန်းပါဘူး၊ ဒါပေမဲ့ ကျုပ်သိချင်တာက လုမန်းထုံကို သတ်တာ ဘယ်သူလဲဆိုတာကိုပဲ"

ရှမဟာန်သည် တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ...

"ပေ့ယင်စိမ်းလို့ ပြောတယ်မိတ်ဆွေ"



ကျူးကိုပိုက်သည် အလွန်အံ့ဩသွားသည်။

ရှမဟာန်သည် သံသယမျက်လုံးများဖြင့် သူ့အား စိုက်ကြည့်နေသည်။

"မိတ်ဆွေ ... ကျုပ် ဒီကိစ္စတွေ သိနေလို့ အံ့ဩနေတယ် မဟုတ်လား"

ကျူးကိုပိုက်သည် ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ ခါးတွင် ချိတ်ဆွဲထားသော ဓားကို ဆွဲထုတ်လိုက်လေသည်။

'ခွင်'

ရှမဟာန်သည် ငြိမ်သက်စွာ ရပ်တန့်နေ၏။

"ကျုပ် အမုန်းဆုံးသူဟာ ဓားကိုင်ပြီး လူသတ်တဲ့လူပဲ၊ ကျုပ် သွားတော့မယ်"

ရှမဟာန်သည် ယင်းသို့ပြောပြီး လှည့်ထွက်သွားလေတော့သည်။

ကျူးကိုပိုက်သည် ဓားကိုကိုင်၍ ငိုင်တွေစွာ ရပ်နေခဲ့လေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



ယခု ...

ကျူးကိုပိုက်သည် ရွှေကျားဂေဟာအတွင်းသို့ ဝင်ရန် အခြေအနေကို စောင့်ကြည့်နေလေသည်။

သူသည် ရွှေကျားဂေဟာအတွင်းသို့ ဖွတ်ဝင်သွားလို့ မဖြစ်ပါချေ။

အဘယ်ကြောင့်ဆိုသော် ...

ရွှေကျားဂေဟာထဲတွင် လူမမာ စွန်းမင်းကျူး ရှိနေသည် မဟုတ်ပါလား။

ယခုအချိန်တွင် မိမိဝင်သွားမည်ဆိုလျှင် မိမိအား တစ်ဦးတစ်ယောက်က တွေ့မြင်သွားနိုင်သည်။

ထိုအခါ သူ၏လျှို့ဝှက်ချက်များ ဘူးပေါ်သလို ပေါ်သွားနိုင်သည်။



သူ့အဖို့ အကောင်းဆုံးအချိန်မှာ လူခြေတိတ်ချိန်ဖြစ်သော သန်းခေါင်ယံအချိန်ပင် ဖြစ်သည်။

★

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ...

သန်းခေါင်ယံအချိန်သို့ ရောက်ပြီဖြစ်သည်။

ကျူးကိုပိုက်သည် ရွှေကျားဂေဟာ ခြံဝင်းအတွင်းသို့ ဝင်လိုက်ပြီး သစ်ပင်တစ်ပင်၏နောက်ကွယ်၌ ပုန်း၍ ရွှေကျားဂေဟာ၏ အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ထိုစဉ် ...

လူရိပ်တစ်ခုသည် သူ့အနားသို့ လေတိုက်ခတ်သလို ရောက်ရှိလာလေ၏။

ကျူးကိုပိုက်သည် အလွန်လျင်မြန်ဖျတ်လတ်သော လှုပ်ရှားမှုတစ်ရပ်ဖြင့် ဓါးမြှောင်းကိုထုတ်ပြီး ထိုလူရိပ်အား ခုတ်ရန် ပြင်ဆင်လိုက်မိသည်။

"ဟေ့ကောင် ... ငါ စုမာရှဲပါကွ"



လူရိပ်က ပြောလိုက်သဖြင့် ကျူးကိုပိုက်သည် ဝမ်းသာသွားသည်။

"ဆရာ"

စုမာရှဲက လေသံကိုနှိမ့်၍ ...

"မင်း ဂေဟာထဲကိုဝင်ဖို့ ခက်နေတယ်မဟုတ်လား"

ကျူးကိုပိုက်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ရင်း ...

"ဟုတ်တယ်ဆရာ"

စုမာရှဲက အသံခပ်အုပ်အုပ်ဖြင့် ...

"ကိစ္စမရှိပါဘူး ... ဒီကောင့်ကို ငါ ခေါ်ထုတ်ပေးမယ်၊ ဒီကောင့်ကို ခေါ်ထုတ်ပြီး သူ့ရဲ့ရောဂါကိုလည်း ကုပေးရဦးမယ်၊ နောက်ပြီး သူ့ကို မနှစ်နာအောင် စောင့်ရှောက်ဆောင်ရွက်ပေးရမယ်"

ကျူးကိုပိုက်က ထောက်ခံလိုက်လေသည်။

"ဟုတ်တာပေါ့ဆရာ"

စုမာရှဲက ကျူးကိုပိုက်၏ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး ...

"ကျူးကိုပိုက် ... မင်း ဒီနားမှာ ခဏစောင့်နေလိုက်ဦး၊ မင်းကိစ္စကို အခြေအနေကြည့်ပြီး ကောင်းသလို ငါ စီစဉ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျူးကိုပိုက်က ခေါင်းညိတ်ပြလိုက်သည်။

သတင်းစုံစမ်းရေးတာဝန်ခံ စုမာရှဲသည် ရွှေကျားဂေဟာရှိရာသို့ မှောင်ရိပ်ခိုကာ ထွက်သွားလေတော့သည်။

အတန်ကြာသောအခါ ...

သတင်းစုံစမ်းရေးတာဝန်ခံ စုမာရှဲ ပြန်လည်ရောက်ရှိလာလေ၏။

ကျူးကိုပိုက်သည် ဆရာဖြစ်သူ စုမာရှဲအား တွေ့လိုက်ရသောအခါ ...

"ဆရာ ... အဆင်ပြေရဲ့လား"

စုမာရှဲက ပြုံးလိုက်ပြီး ...

"ပြေပါတယ်ကွာ၊ ငါ သူ့ကို သစ်ပင်အကွယ်မှာ တိုင်ခိုင်းတားတယ်၊ မင်း ရွှေကျားဂေဟာထဲ ဝင်လို့ရပြီ၊ ငါ စွန်းမင်းကျူးကို ခေါ်ပြီး သွားတော့မယ်"

သူသည် ပြောပြောဆိုဆိုဖြင့် သစ်ပင်အကွယ်သို့ ဝင်သွားပြီး လူတစ်ယောက်ကို ထမ်းထုတ်လာသည်။

ထိုသူမှာ အကြောပိတ်ခံထားရသော သိုင်းသမား စွန်းမင်းကျူးပင် ဖြစ်သည်။



စုမာရှဲသည် ကျူးကိုပိုက်အား တစ်ချက်ကြည့်လိုက်ပြီး ...

"ကဲ ကျူးကိုပိုက် ... ငါသွားတော့မယ်"

ကျူးကိုပိုက်က ဦးခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ဆရာ"

ထို့နောက် ...

စုမာရှဲသည် စွန်းမင်းကျူးအား ခေါ်၍ ခြံအပြင်သို့ လေတိုက်ခတ်သလို လျင်မြန်စွာ ခုန်ထွက်သွားလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



ကျူးကိုပိုက်သည် ခြေကို ဖော့နင်းလျက် အခန်းထဲသို့ ဝင်သွားသည်။

မိမိ၏အခန်းဆောင်သည် ပိုးမီးအိမ်တို့ဖြင့် ထိန်ထိန်လင်းနေသည်။

ခုတင်ထက်၌ လူတစ်ယောက်ထိုင်နေသည်ကို မြင်တွေ့လိုက်ရသည်။

ခုတင်ပေါ်တွင် ထိုင်နေသူမှာ စုချူးမေပင် ဖြစ်သည်။

ကျူးကိုပိုက်အား မြင်သည်နှင့် ...

သူမသည် စွန်းမင်းကျူးအထင်ဖြင့် ထိုင်ရာမှ ဖြုန်းခနဲထရပ်လိုက်လေသည်။

စုချူးမေက အလန့်တကြားဟန်ဖြင့် ...

"စောစောက အစ်ကို ဘယ်သွားနေတာလဲဟင်"



ကျူးကိုပိုက်သည် ထိတ်လန့်သွားသည့်ကြားမှ စိတ်ကို ထိန်းချုပ်ကာ ...

"အိမ်သာသွားတာပါ"

စုချူးမေ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

"ဟင် ... အစ်ကို စကားပြောနိုင်ပြီလား"

ထိုစကားကြောင့် ကျူးကိုပိုက်သည် မျက်နှာပျက်သွားသည်။

သို့သော် ...

စုချူးမေကား ဘာတစ်ခုမျှ ရိပ်စားမိဟန်မတူချေ။

စုချူးမေသည် ဝမ်းသာအားရဖြင့် ကျူးကိုပိုက်၏အနားသို့ တိုးကပ်လာရင်း ...

"အစ်ကို နေကောင်းသွားပြီလားဟင်"

ကျူးကိုပိုက်က ခေါင်းညိတ်ပြလိုက်သည်။

"အစ်ကို ကျန်းမာလာပါပြီ ညီမ"

စုချူးမေက အားရဝမ်းသာဖြင့် ...

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



စုချူးမေသည် ကျူးကိုပိုက်အား ပြေးဖက်လိုက်လေသည်။

"ညီမဖြင့် စိတ်ပူလိုက်ရတာ အစ်ကိုရယ်"

ကျူးကိုပိုက်က မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဘာကြောင့် စိတ်ပူတာလဲ"

စုချူးမေက နှုတ်ခမ်းစူလိုက်ပြီး ...

"ဟွန်း ... ညီမ မပြောချင်ပါဘူး"

ကျူးကိုပိုက်က ပြုံးလိုက်ပြီး ...

"ပြောပါ ညီမရယ် ... အစ်ကို သိချင်တယ်"

စုချူးမေက မျက်စောင်းလှလှ ထိုးလိုက်ပြီး ...

"ဘာလဲ ... အစ်ကိုက သိပ်သိချင်နေတယ်ပေါ့ ... ဟုတ်လား"

ကျူးကိုပိုက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သိချင်တယ် ညီမ"

"ဟွန်း ... လူလည်ကြီး၊ အစ်ကို့ကို ညီမ သိပ်တွေ့ချင်တာပဲ၊ ဒါပေမဲ့ ဆေးကုသတဲ့ သမားတော်တွေက ညီမကို တွေ့ခွင့်မပေးနိုင်ဘူးတဲ့၊ ညီမ ဘယ်လောက်ငိုရသလဲဆိုတာ အစ်ကိုသိလား"

ကျူးကိုပိုက်က နှာခေါင်းရှုံ့လိုက်ပြီး ...



"ဘာလဲ ... အစ်ကို့ကိုတွေ့လို့ ချွဲပြတာလား",

စုချူးမေက ငိုမဲ့မဲ့မျက်နှာဖြင့် ...

"အစ်ကို ... ညီမကို တကယ်ချစ်ရဲ့လား"

ကတုန်ကယင်နိုင်လှသော သူမ၏စကားကြောင့် ကျူးကိုပိုက်သည် သဘောကျသွားလေသည်။

သူသည် ခေါင်းကို ဆတ်ခနဲညိတ်ရင်း သွက်လက်စွာ ပြန်ဖြေလိုက်သည်။

"ညီမကို အစ်ကို သိပ်ချစ်ပါတယ်ကွာ"

"အို အစ်ကိုရယ် ... အစ်ကို သိပ်ပိုတာပဲ"

ကျူးကိုပိုက်က ခေါင်းခါယမ်းလိုက်ပြီး ...

"မပိုပါဘူး ... ဒီစကားက လိုတောင်လိုနေဦးမယ်"

စုချူးမေက အံ့ဩဟန်ဖြင့် ...

"ကြည့်စမ်း ... ကြည့်စမ်း ... သိပ်စကားတတ်တယ်"

ကျူးကိုပိုက်သည် အခန်းတွင်း၌ ထွန်းထားသော မီးအိမ်အား လှမ်းကြည့်လိုက်ပြီး ...

"အစ်ကို မီးငြိမ်းလိုက်မယ်နော်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝစွာလင်းနေသော မီးအိမ်မှ အလင်းရောင်သည် ရုတ်တရက် ပျောက်ကွယ်သွားလေတော့သည်။

သို့သော် ...

ညသန်းခေါင်ယံသည် လှုပ်ရှားသက်ဝင်နေဆဲပင် ဖြစ်၏။

★★★



## အခန်း (၁၉)

ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်းနှင့် သမီးဖြစ်သူ စုချူးမေတို့သည် ကျူးကိုပိုက်ရှိရာအခန်းသို့ ရောက်ရှိလာသည်။

ထို့နောက် အိပ်ပျော်နေသော ကျူးကိုပိုက်အား လှုပ်နှိုးလိုက်သည်။

"စွန်းမင်းကျူး စွန်းမင်းကျူး ... ဘယ်လိုလဲ ... နေကောင်းရဲ့လား ... ထစမ်းပါဦး"

စုချူးထင်းက လှုပ်လိုက်သဖြင့် ကျူးကိုပိုက်သည် အိပ်ရာမှ လန့်နိုးလာလေသည်။

မမျှော်လင့်ဘဲ ...

သူသည် ရွှေကျားဂိုဏ်းချုပ် စုချူးထင်းအား တွေ့လိုက်ရသောကြောင့် အံ့သြသွားသည်။

သူသည် မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

သူသည် စုချူးမေ မည်သည့်အချိန်က ထွက်သွားသည်ကို မသိလိုက်ပါချေ။

ယခု ...

စုချူးမေသည် ဖခင်ဖြစ်သူ စုချူးထင်းနှင့်အတူ အခန်းထဲသို့ ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်။

ရွှေကျားဂိုဏ်းချုပ်စုချူးထင်းသည် ကျူးကိုပိုက် နိုးလာသည်ကို တွေ့သည်နှင့် ...

"စွန်းမင်းကျူး ... ငါတို့ရွှေကျားဂေဟာရဲ့အနောက်ဘက်မှာ အခေါင်းကြီးတစ်လုံး ရောက်နေတယ်၊ ဘယ်ကရောက်လာမှန်းတော့ ငါလည်း မသိဘူး"

ဟု ပြောလိုက်လေသည်။

ကျူးကိုပိုက်သည် အိပ်မှုန်စုံမွှားဖြစ်နေရာမှ မျက်လုံးမျက်ဆန်ပြူးသွားသည်။

"အခု အဲဒီအခေါင်းကြီး ဘယ်မှာလဲ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း ခပ်သွက်သွက် ပြန်ပြောလိုက်လေသည်။



"ဂေဟာအနောက်ဘက် ဥယျာဉ်ထဲမှာ ရောက်နေတာလေကွာ"

ကျူးကိုပိုက်သည် ဘာမျှပြန်မပြောတော့ဘဲ အိပ်ရာထဲမှ ကမန်းကတန်းထကာ အနောက်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



ကျူးကိုပိုက်၏နောက်မှ ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းနှင့် သမီးဖြစ်သူ စုချူးမေတို့သည်လည်း ပြေးလိုက်သွားကြလေ၏။

"ဟော ... တွေ့ပါလေပြီ"

အနက်ရောင် အခေါင်းကြီးတစ်လုံးဖြစ်သည်။

သူတို့သုံးယောက်သည် အခေါင်းကြီးအား အံ့သြစွာဖြင့် ကြည့်နေမိကြသည်။

"ဒီအခေါင်းကြီးကို ဘယ်သူလာပို့သွားတာလဲ"

ကျူးကိုပိုက်က မေးလိုက်သည်။

"ငါလည်း မသိဘူး၊ ဒီမနက်ကျမှ သိတာ"

ကျူးကိုပိုက်သည် စုချူးထင်းအား တစ်ချက်ကြည့်လိုက်ပြီး အတွေးတစ်ခုက ခေါင်းထဲတွင် လှစ်ခနဲ ပေါ်လာလေသည်။



"ဂိုဏ်းချုပ်ကြီး ... ဒီကိစ္စကို တံခါးစောင့်အဘိုးကြီးတော့ သိသလားမသိဘူး၊ သူ့ကို သွားခေါ်လိုက်ဦးမယ်"

သူသည် ယင်းသို့ပြောပြီး ထိုနေရာမှ ပြေးထွက်သွားလေသည်။

စုချူးထင်းနှင့် သမီးဖြစ်သူ စုချူးမေတို့သည်လည်း နောက်မှ လိုက်သွားလေသည်။

သို့ရာတွင် ...

သူတို့ရောက်သွားသည့်အခါ၌ တံခါးစောင့်အဘိုးအိုသည် အသက်မရှိတော့ချေ။

"ဟင်"

"ဟာ"

"အို"

ကျူးကိုပိုက်က မယုံကြည်နိုင်စွာဖြင့် ...

"သူ့ကို ဘယ်သူသတ်လိုက်တာလဲ"

စုချူးထင်းသည် ခေါင်းညိတ်လိုက်ပြီး ...

"အဲဒါကို ငါလည်း စဉ်းစားလို့မရဘူး စွန်းမင်းကျူး"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းမှာ ကျူးကိုပိုက်အား စွန်းမင်း

www.burmeseclassic.com

www.burmeseclassic.com



ကျူးဟု ထင်နေဆဲပင် ဖြစ်သည်။

"သူ့ကို သတ်သွားတာ စုထင်းဝမ်ဖြစ်နိုင်တယ် ဂိုဏ်းချုပ်"

ကျူးကိုပိုက်က သူ၏ထင်မြင်ချက်ကို ပြောပြလိုက်လေသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ခေါင်းကို လေးပင်စွာညိတ်ကာ ...

'အင်း ... 'ဖြစ်နိုင်တယ် ကျူးကိုပိုက်၊ ဒီကောင်နဲ့ ငါနဲ့က ညီအစ်ကိုအရင်းဖြစ်ပေမယ့် တည့်တာမဟုတ်ဘူး၊ အခုလည်း ငါ့ကို သတ်ချင်လို့ တံခါးစောင့်အဘိုးကြီးကို အရင်သတ်သွားတာ ဖြစ်နိုင်တယ်"

ကျူးကိုပိုက်က အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ဒီအခေါင်းကြီးက ဘယ်သူ့အခေါင်းကြီးလဲ၊ အထဲမှာ ဘာတွေများရှိလဲ မသိဘူး"

ရွှေကျားဂိုဏ်းချုပ်က ဝင်ပြောလိုက်သည်။

"ငါတို့လည်း ဖွင့်မကြည့်ရသေးဘူး၊ အထဲမှာ ဘာတွေရှိလဲဆိုတာ ငါတို့ ဘယ်လိုလုပ် ခန့်မှန်းနိုင်မှာလဲကွ"

ကျူးကိုပိုက်က ခေါင်းညိတ်လိုက်ပြီး ...



"ကဲ ... ဒါဆိုရင် သွားဖွင့်ကြည့်ရအောင်"

ထိုသို့ဖြင့် သူတို့သုံးယောက်သည် အခေါင်းနက်ကြီးရှိရာသို့ ပြန်လည်ပြေးသွားကြပြန်လေ၏။

★

www.burmeseclassic.com

www.burmeseclassic.com



အခေါင်းနက်ကြီးရှိရာသို့ ရောက်သည်နှင့် ...

ကျူးကိုပိုက်သည် အခေါင်းကြီး၏အဖုံးကို ဖွင့်လိုက်၏။

ထိုအခါ ...

အခေါင်းထဲတွင် လူတစ်ယောက် သေဆုံးနေသည်ကို တွေ့လိုက်ရသည်။

အခေါင်းထဲမှ အလောင်းအား တွေ့မြင်လိုက်သည်နှင့် သူတို့သုံးယောက်စလုံးသည် ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

"ဟင်"

"ဟာ"

"အို"

အာမေဍိတ်သံများ ဆူညံသွားသည်။

အကြောင်းမှာ ...



အခေါင်းထဲတွင် သေဆုံးနေသူမှာ ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏ညီဖြစ်သူ စုထင်းဝမ် ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

သူတို့သုံးယောက်သည် လွန်စွာအံ့သြထိတ်လန့်သွားကြလေသည်။

"သူ့ကို ဘယ်သူသတ်လိုက်တာလဲ"

ကျူးကိုပိုက်က နားမလည်ဟန်ဖြင့် စုချူးထင်းကိုကြည့်ရင်း မေးလိုက်လေသည်။

စုချူးထင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်း ... သူ့ကို တစ်ယောက်ယောက်က သတ်လိုက်တာပဲဖြစ်မယ်"

ကျူးကိုပိုက်သည် ထိုအဖြေအား သိပ်မကြိုက်လှပါ။

"အဲဒီလူက ဘယ်သူ့ဖြစ်နိုင်မလဲ ဂိုဏ်းချုပ်"

စုချူးထင်းက ခေါင်းခါယမ်းလိုက်ပြီး ...

"ငါ ဘယ်လိုလုပ် သိနိုင်မှာလဲ ကျူးကိုပိုက်၊ ငါ့ကို လူချစ်လူခင်ပေါ်သလောက် သူ့ကို လူမုန်းများတယ်၊ အဲဒီတော့ သူ့ကိုမုန်းတဲ့လူက သတ်လိုက်တာဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အခေါင်းနက်ကြီးရှိရာသို့ ရောက်သည်နှင့် ...

ကျူးကိုပိုက်သည် အခေါင်းကြီး၏အဖုံးကို ဖွင့်လိုက်၏။

ထိုအခါ ...

အခေါင်းထဲတွင် လူတစ်ယောက် သေဆုံးနေသည်ကို တွေ့လိုက်ရသည်။

အခေါင်းထဲမှ အလောင်းအား တွေ့မြင်လိုက်သည်နှင့် သူတို့သုံးယောက်စလုံးသည် ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

"ဟင်"

"ဟာ"

"အို"

အာမေဋိတ်သံများ ဆူညံသွားသည်။

အကြောင်းမှာ ...



အခေါင်းထဲတွင် သေဆုံးနေသူမှာ ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏ညီဖြစ်သူ စုထင်းဝမ်ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

သူတို့သုံးယောက်သည် လွန်စွာအံ့သြထိတ်လန့်သွားကြလေသည်။

"သူ့ကို ဘယ်သူသတ်လိုက်တာလဲ"

ကျူးကိုပိုက်က နားမလည်ဟန်ဖြင့် စုချူးထင်းကိုကြည့်ရင်း မေးလိုက်လေသည်။

စုချူးထင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အင်း ... သူ့ကို တစ်ယောက်ယောက်က သတ်လိုက်တာပဲဖြစ်မယ်"

ကျူးကိုပိုက်သည် ထိုအဖြေအား သိပ်မကြိုက်လှပါ။

"အဲဒီလူက ဘယ်သူဖြစ်နိုင်မလဲ ဂိုဏ်းချုပ်"

စုချူးထင်းက ခေါင်းခါယမ်းလိုက်ပြီး ...

"ငါ ဘယ်လိုလုပ် သိနိုင်မှာလဲ ကျူးကိုပိုက်၊ ငါ့ကို လူချစ်လူခင်ပေါသလောက် သူ့ကို လူမုန်းများတယ်၊ အဲဒီတော့ သူ့ကိုမုန်းတဲ့လူက သတ်လိုက်တာဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

ကျူးကိုပိုက်သည် သက်ပြင်းတစ်ချက်ကိုသာ လေးပင့်စွာ ချလိုက်လေတော့သည်။

★



ရက်သတ္တပတ်ဆိုသောအချိန်သည် တစ်ခဏမျှသာ ကြာလိုက်သည်ဟု ကျူးကိုပိုက် ထင်မိသည်။

ထိုတစ်ပတ်အတွင်း ရွှေကျားဂေဟာတွင် အတော်လေး ပြဿနာရှုပ်ထွေးသွားသည်။

ရွှေကျားဂေဟာမှ စုထင်းဝမ်နှင့် တံခါးစောင့်အဘိုးအိုသို့ လုပ်ကြံခံရသောသတင်းသည် သိုင်းလောကတစ်ခုလုံးအား ပျံ့နှံ့သွားသည်။

ထို့ကြောင့် ...

ရွှေကျားဂေဟာသို့ သိုင်းလောကမှ အထင်ကရ ဂိုဏ်းချုပ်ကြီးများ သိုင်းလောကသားများ အဝင်အထွက် များလာသည်။

ယနေ့ဆိုလျှင် ...

သိုင်းလောကသားများထဲမှ အရင်းနှီးဆုံး ပုဂ္ဂိုလ်များဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြသော ဟုန်ကျွမ့်ခေါ် ရှမ်းယန်နှင့် သူ၏ညီမဖြစ်သူ ရှမ်းရှမ်းနှင့် ရွှေပုံလွှားဂိုဏ်းချုပ် ထိုက်ရဲ့တို့လည်း ရောက်ရှိလာကြသည်။

ရွှေပုံလွှားဂိုဏ်းချုပ် ထိုက်ရဲ့က အတွေးရကျပ်ဟန်ဖြင့်

"စုထင်းဝမ် အသတ်ခံရတာဟာ တော်တော်ထူးဆန်းတယ်၊ ကျုပ်ဖြင့် စဉ်းစားလို့ကိုမရဘူး"

ရွှေပုံလွှားဂိုဏ်းချုပ် ထိုက်ရဲ့သည် ရွှေကျားဂေဟာ၏သိုင်းပညာစွမ်းရည်ပြပွဲ၌ သူသည် ရွှေကျားဂိုဏ်း၏ဒုတိယဂိုဏ်းချုပ် စွန်းမင်းကျူးခေါ် ကျူးကိုပိုက်နှင့် တိုက်ခိုက်ခဲ့ဖူးသူဖြစ်သည်။

ထိုယှဉ်ပြိုင်တိုက်ခိုက်ပွဲ၌ သူ ရှုံးနိမ့်သွားခဲ့သောကြောင့် သိုင်းလောက၌ သူ၏အရှိန်အဝါ မှေးမှိန်သွားခဲ့သည်။

သူသည် သိုင်းလောကကို ခေတ္တစွန့်ခွာသွားပြီး ယခုတစ်ဖန် သိုင်းလောကတွင် ရွှေကျားဂေဟာမှ ဂိုဏ်းချုပ်ကြီး စုချူးထင်း၏ညီဖြစ်သူ စုထင်းဝမ်အသတ်ခံရသည့်ကိစ္စဖြင့် သိုင်းလောက၌ ပြန်ပေါ်လာခဲ့သည်။

ထိုက်ရဲ့က စကားဆက်လိုက်သည်။

"ဒီကောင်က လူမုန်းများတဲ့လူပဲ၊ အသေဆိုးနဲ့ တစ်နေ့တော့ သေရမှာပဲ"



ကျူးကိုပိုက်သည် စုချူးမေနှင့် ယှဉ်ထိုင်နေသော်လည်း ဘာမှဝင်ရောက်ပြောဆိုခြင်း မပြုချေ။

ထိုဆွေးနွေးပွဲတွင် ဟုန်ကျွမ့် (ရှမ်းယန်) နှင့် ရှမ်းရှမ်းတို့လည်း ပါဝင်၍ တစ်စုံတစ်ရာ ဝင်မပြောကြပါ။

သူတို့သည် နားထောင်ရုံသာ နားထောင်နေကြသည်။

ထိုဝိုင်းတွင် စကားအပြောဆုံးသူမှာ ရွှေကျားဂိုဏ်းချုပ် စုချူးထင်းနှင့် ထိုက်ရဲ့တို့သာ ဖြစ်သည်။

ဤသို့ဖြင့် ညနေစောင်းသို့ ရောက်လာလေတော့သည်။

★



www.burmeseclassic.com

www.burmeseclassic.com



ထိုညနေစောင်းတွင်မှ ...

ထူးခြားမှုတစ်ရပ် ပေါ်ပေါက်လာသည်။

ယင်းမှာ ငြိမ့်ညောင်းသာယာသော ပလွေသံကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

ပလွေသံကြားလိုက်ရသောအခါ စုချူးထင်း ခေါင်းထောင်လာလေ၏။

"ဟင် ... ဟိုကောင် ရောက်လာပြန်ပြီ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက မြည်တွန်တောက်တီးရင်း ထိုင်ရာမှ ထလိုက်သည်။

သိုင်းသမားများသည် ထိုခဏအတွင်း၌ လှုပ်လှုပ်ရွရွဖြစ်သွားလေသည်။

"ဂိုဏ်းချုပ်ကြီးစု ... ထိုင်ပါခင်ဗျာ၊ ဒီကောင့်ကို ကျုပ်တို့



ဂရုစိုက်ဖို့ မလိုပါဘူး၊ ဒီကောင် စိတ်မှမနှံ့တာဘဲ"

ရွှေပျံလွှားဂိုဏ်းချုပ် ထိုက်ရဲ့က သတိပေးလိုက်သည်။

သို့သော် ...

ရွှေကျားဂိုဏ်းချုပ်မှာ သိသိသာသာ စိတ်လှုပ်ရှားကာ ဂနာမငြိမ်ဖြစ်နေလေသည်။

သူသည် မကျေမနပ်လေသံဖြင့် ...

"ဒီကောင် ကျုပ်တို့ကို သက်သက်မဲ့ နှောင့်ယှက်နေတာပဲ"

သူ၏မျက်နှာသည် ဒေါသကြောင့် နီရဲနေလေသည်။

"ဂိုဏ်းချုပ်ကြီးစု ထိုင်ပါခင်ဗျာ"

ရွှေပျံလွှားဂိုဏ်းချုပ် ထိုက်ရဲ့က ထပ်မံသတိပေးလိုက်လေသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက သက်ပြင်းတစ်ချက်ကို ခက်ခဲပင်ပန်းစွာ ချလိုက်လေသည်။

"ဟင်း"

သူ၏မျက်နှာပေါ်တွင် တစ်စုံတစ်ယောက်အား မကျေနပ်သည့်အရိပ်အယောင်များ ပေါ်လွင်ထင်ရှားနေသည်။

ထိုအချိန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



ပလွေသံသည် သူတို့နှင့် တဖြည်းဖြည်း နီးကပ်လာသည်။

ထို့နောက် ...

ပလွေသံရှင်သည် ရွှေကျားဂေဟာ၏ခြံဝင်းအတွင်းသို့ ဝင်လာသည်ဟု ထင်ရသည်။

ထိုအခါ ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏ မျက်နှာပေါ်တွင်ကား စိတ်လှုပ်ရှားသောအသွင်များ အထင်းသားပေါ်လွင်နေသည်။

သူသည် စိတ်ငြိမ်စေရန်အတွက် အရက်ကိုသောက်သော်လည်း စိတ်လှုပ်ရှားနေဆဲပင်ဖြစ်တော့သည်။

★



ကျူးကိုပိုက်သည် မျက်မှောင်ကြုတ်သွားသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် ရှမဟန်၏ပလွေသံကို ကြားသောအခါ အဘယ်ကြောင့် ဤမျှစိတ်လှုပ်ရှားနေရပါသနည်း။

သူ စဉ်းစား၍ မရပါချေ။

သို့သော် ...

မည်သည့်အတွက် စိတ်လှုပ်ရှားသည်ဖြစ်စေ လူပုံအလယ်တွင် ထိုကဲ့သို့ ဂနာမငြိမ် ဖြစ်နေသည်မှာ သူများမြင်၍ မသင့်တော်ပေ။

ထို့ကြောင့် ...

"ဂိုဏ်းချုပ်ကြီးစု သတိထားပါ"

ကျူးကိုပိုက် ဝင်ပြောလိုက်ရလေ၏။

စုချူးမေကလည်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ … ဘာဖြစ်နေတာလဲ၊ ဆရာရှုမဟန်ဟာ သူ့ဟာသူ နေနေတဲ့ စာပေအနုပညာရှင်တစ်ယောက်ပါ၊ သူနဲ့ ဖေဖေနဲ့လည်း အခြောက်တိုက် မုန်းနေတာ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းမှာ သူတို့၏စကားများကို လက်မခံချေ။

သူသည် ခေါင်းကို တွင်တွင်ခါယမ်းရင်း …

"မဟုတ်ဘူး … မဟုတ်ဘူး၊ သူဟာ စာပေအနုပညာသမား တစ်ယောက် မဟုတ်ဘူး၊ ဒီကောင်ဟာ အရူးပဲ၊ အခု သူ ငါ့ဂေဟာထဲ ဝင်လာနေပြီ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် အထိတ်တလန့်ဖြင့် အော်ဟစ်လိုက်သည်။

အမှန်စင်စစ် …

သူ၏အမူအရာမှာ စိတ်ရောဂါဝေဒနာသည်တစ်ယောက်၏ အမူအရာများနှင့်ပင် တူနေတော့သည်။

ကျူးကိုပိုက်သည် ရွှေကျားဂိုဏ်းချုပ် စုချူးထင်းအား ငေးကြည့်နေမိသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏သိုင်းပညာမှာ သိုင်းလော



ကတစ်ခုလုံးက ကြည်ညိုလေးစားခြင်း ခံရသည့်အဆင့်ရှိသည့် ဂိုဏ်းချုပ်ကြီးအဆင့် ဖြစ်သည်။

ဂိုဏ်းချုပ်ကြီးဆိုသည့်အဆင့်မှာ နည်းနည်းနောနော မဟုတ်ပေ။

သို့သော် …

ယခု သူသည် အဘယ်ကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေရပါသနည်း။

ပလွေသံရှင် ရှုမဟန်ကပင် ရွှေကျားဂိုဏ်းချုပ် စုချူးထင်းထက် "သိုင်းပညာပို၍ တော်ပါသလော။

ကျူးကိုပိုက်သည် ထိုသို့ အဘက်ဘက်မှ တွေးတောလိုက်သည်။

သူ၏အတွေးများသည် မှန်ကန်ခြင်းရှိ မရှိကိုမူ သူကိုယ်တိုင် မပြောနိုင်ပါချေ။

ထိုစဉ် …

ရွှေကျားဂေဟာ ဧည့်ခန်းတွင်းသို့ လူတစ်ယောက်ဝင်လာလေ၏။

ထိုသူကား …

www.burmeseclassic.com

www.burmeseclassic.com



စာပေသမား ရှမဟာန်ပင်တည်း။

ရှမဟာန်အား ရင်ဆိုင်တွေ့လိုက်ရသောအခါ စုချူးထင်း၏ မျက်နှာမှာ စက္ကူဖြူကဲ့သို့ ဖြူဖွေးသွားလေ၏။

★★★



## အခန်း (၂၀)

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် ...

ဧည့်ခန်းထဲသို့ဝင်လာသော ရှမဟာန်အား တွေ့မြင်လိုက်သည်နှင့် တစ္ဆေသရဲတစ်ကောင်အား တွေ့မြင်လိုက်ရသကဲ့သို့ ကြောက်လန့်တကြား အော်ဟစ်ရင်း နှင်ထုတ်နေလေတော့သည်။

"ဟေ့ကောင် ... ငါ့ဂေဟာထဲ ဘာဖြစ်လို့ ဝင်လာရတာလဲ၊ အခု မင်းထွက်သွားစမ်း၊ ငါ အမိန့်ပေးနေတယ် ... မင်း ထွက်သွားစမ်း"

ရှမဟာန်၏မျက်နှာကမူ မည်သည့်ထိတ်လန့်တုန်လှုပ်ခြင်းမှ မရှိဘဲ အေးဆေးတည်ငြိမ်နေသည်။

သူသည် ဦးခေါင်းကို အေးဆေးစွာခါယမ်းလိုက်ပြီး ...

"ကျုပ် ထွက်သွားလို့ မဖြစ်သေးဘူး၊ အင်မတန်အရေးကြီးတဲ့ ကျုပ်ရဲ့ကိုယ်ရေးရာဇဝင်ကို မိတ်ဆွေကြီးစွန်းမင်းကျူးကို ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ကျုပ် ဒီကို ထွက်လာခဲ့တာပါပဲ"

ကျူးကိုပိုက်သည် ရှမဟန်အား အံ့ဩစွာ တစ်ချက်ကြည့်လိုက်ပြီး ...

"ဆရာ ... ဆရာက ကျွန်တော့်ကို ဆရာ့ရဲ့ကိုယ်ရေးရာဇဝင် ရှင်းပြမယ် ... ဟုတ်လား"

ရှမဟန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် စွန်းမင်းကျူး"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် စွန်းမင်းကျူးခေါ် ကျူးကိုပိုက်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ ကျူးကိုပိုက်က ပျာပျာသလဲအမူအရာဖြင့် ...

"ဂိုဏ်းချုပ်ကြီးစု ... ကျွန်တော်တို့အားလုံး သူ့အကြောင်းကို သိချင်နေကြတာပဲ၊ အခုလို သူကိုယ်တိုင် လာရောက်ပြီး ရှင်းပြမယ်ဆိုတော့ ပိုပြီးကောင်းတာပေါ့၊ ခဏလောက်သည်းခံပါ ဂိုဏ်းချုပ်ကြီးစု"

စုချူးမေကလည်း ရှမဟန်အား နေရာထိုင်ခင်း ပေးလိုက်လေသည်။

"ထိုင်ပါ ဆရာ"



သို့သော် ...

ရှမဟန်သည် ကုလားထိုင်ပေါ်တွင် ဝင်ရောက်ထိုင်ခြင်းမပြုဘဲ စုချူးမေအား ကျေးဇူးတင်ရှိကြောင်း အမူအရာနှင့်ပြသည်။

ထို့နောက် ...

သူက စကားစလိုက်လေသည်။

★

www.burmeseclassic.com

www.burmeseclassic.com



ရှမဟာန်က ...

"ကျုပ် ဒီမှာ ခဏရပ်ပြီး ကျုပ်ရဲ့အကြောင်းကို အားလုံးသိအောင် ပြောပြမယ် ...၊

ကျုပ်နာမည်က ရှမဟာန်ဆိုတာကိုတော့ ဒီကညီ့သည်တွေအားလုံး သိပြီးပြီဖြစ်မှာပါ၊ ကျုပ်က တစ်ကောင်ကြွက်တစ်ယောက်လို့ ပြောရင်လည်း ရပါတယ် ...၊

ဒါပေမဲ့ လွန်ခဲ့တဲ့ငါးနှစ်လောက်ကတော့ ... ကျုပ်ဟာ တစ်ကောင်ကြွက်တစ်ယောက် မဟုတ်ဘူး၊ ကျုပ်ရဲ့မိသားစုနဲ့အတူ အိမ်မှာ အေးချမ်းစွာ နေထိုင်ခဲ့ပါတယ်"

ရှမဟာန်သည် အားလုံးအား တစ်ချက် ဝေ့ဝဲ အကဲခတ်လိုက်ပြီး စကားဆက်လိုက်သည်။

အားလုံးမှာ ငြိမ်သက်လျက်။



"တစ်နေ့မှာ ...

အင်မတန် ဆိုးသွမ်းပြီး ကောက်ကျစ်စဉ်းလဲတဲ့ လူယုတ်မာတစ်ယောက်ဟာ ကျုပ်ခရီးသွားနေတုန်း ကျုပ်ရဲ့မိသားစုအားလုံးကို ရက်ရက်စက်စက် သတ်ဖြတ်သွားခဲ့ပါတယ်၊

အဲဒီအချိန်ကစပြီး ...

ကျုပ်ဟာ လောကကြီးပေါ်မှာ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်ခဲ့ရတာပဲ"

ရှမဟာန်သည် ထိုစကားများကို ခံစားချက်အပြည့်ဖြင့် ပြောပြနေမှန်း သိသာလှပေသည်။

အဘယ်ကြောင့်ဆိုသော် ...

ရှမဟာန်၏မျက်ဝန်းအိမ်ထဲတွင် မျက်ရည်စများ ရစ်ဝဲနေသည်ကို တွေ့မြင်ရသောကြောင့်ပင်တည်း။

ကျူးကိုပိုက်၊ စုချူးမေ၊ ရှမ်းယန်နှင့် ရှမ်းရှမ်းတို့မှာ ရှမဟာန်ကိုကြည့်၍ များစွာစိတ်မကောင်း ဖြစ်နေမိသည်။

သူတို့အားလုံး၏စိတ်ထဲတွင် တစ်ကောင်ကြွက် ဖြစ်နေသော ရှမဟာန်အား ပို၍လေးစားခင်မင်လာမိကြသည်။

ရှမဟာန် စကားဆက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ ငါးနှစ်လုံးလုံး ကျုပ်မိသားစုကို ရက်ရက်စက်စက် သတ်ခဲ့တဲ့ လူသတ်သမားကို လိုက်ရှာနေခဲ့တာပါ ...၊

အခုတော့ အဲဒီလူသတ်သမားကို ကျုပ်တွေ့လိုက်ပါပြီ ...၊

ဒီလူသတ်သမားဟာ ကျုပ်ရဲ့မိသားစုကို မျိုးပြုတ်အောင် တိုက်ခိုက်ခဲ့သလို စုမိသားစုဝင်များဖြစ်တဲ့ စုချူးထင်းနဲ့ စုထင်းဝမ် တို့ကိုလည်း သတ်ဖြတ်ခဲ့တဲ့သူပါ"

"အို"

"ဟင်"

ဧည့်ခန်းထဲတွင် ထိုင်နေသော သိုင်းသမားများလည်း အားလုံးအံ့အားသင့်သွားကြလေတော့သည်။

★



အဘယ်သို့နည်း ...။

ရှမဟန်၏စကားသည် မည်သည့်နေရာသို့ ရောက်သွားသနည်း။

စုချူးမေသည် ဆတ်ခနဲထထိုင်လိုက်သည်။

ထိုအခါ ကျူးကိုဗိုက်က သူမ၏လက်မောင်းကို ဆွဲချလိုက်ရသည်။

စုချူးမေ ပြန်ထိုင်ကျသွား၏။

စုချူးထင်းသည် ဒေါသခြောင်းခြောင်း ထွက်နေလေပြီ။

"ဟေ့ အရူး ... အဓိပ္ပာယ်မရှိတဲ့စကားတွေ ဒီမှာ လာမပြောနဲ့၊ မင်း ရှူးနေမှန်း သိုင်းလောကသားအားလုံးက သိတယ်၊ ငါဟာ ရွှေကျားဂိုဏ်းချုပ် စုချူးထင်းပဲ၊ ကဲ ... အခု ငါ ဘယ်မှာ သေသေးလို့လဲကွ၊ သွားစမ်း အရူး ... ထွက်သွားစမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒေါသတကြီး အော်ဟစ်လိုက်သည်။

ထိုအခါ ...

ရှမဟန်က အားရပါးရ ရယ်မောလေတော့၏။

"ဟား ဟား ဟား

ဟား ဟား ဟား"

ရှမဟန်တစ်ယောက် လှိုက်လှိုက်လှဲလှဲ ရယ်မောခြင်းအား ကျူးကိုပိုက်နှင့် စုချူးမေတို့ ယခုတစ်ခါတည်းသာ တွေ့မြင်ခဲ့ကြရသည်။

အမှန်စင်စစ် ...

ရှမဟန်ကား သြဇာအလွန်ကောင်းသူတစ်ယောက် ဖြစ်သည်။

ရှမဟန်သည် ပြောလက်စ,စကားကို ဆက်ပြောလိုက်ပြန်သည်။

"အဲဒီလူသတ်သမားရဲ့နာမည်က ပေ့ယင်စိမ်းလို့ ခေါ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ သိုင်းလောကသားတွေကို စည်းရုံးပြီး သိုင်းလောကကို သိမ်းပိုက်ဖို့ ကြိုးစားနေပါတယ် ...၊

အခု ဒီပုဂ္ဂိုလ်ဟာ ကျုပ်ရှေ့မှာရှိနေတဲ့ မျက်နှာဖုံးတစ္စပ်ထားတဲ့ စုချူးထင်းပါပဲ၊ သူ့ကို ကျုပ် အကြွေးတောင်းချင်လို့ ဒီကို လိုက်လာတာပါ"

ရှမဟန်သည် ထိုသို့ပြောပြီးသည်နှင့် သူ၏ပလွေကို ရင်ဝ၌ ထားကာ သိုင်းကွက်ပြင်လိုက်လေတော့သည်။

★



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ရွှေကျားဂိုဏ်းချုပ်ကြီး စုချုးထင်းက အထစ်ထစ်အငေါ့ငေါ့ဖြင့် ...

"ဟင် ... မင်း ... မင်း ... ငါ့အကြောင်းကို ..."

ရှမဟာန်သည် အားရပါးရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... လျှို့ဝှက်ချက်ဆိုတာ အမြဲတမ်း ဖုံးကွယ်ထားလို့ မရပါဘူး ပေ့ယင်စိမ်း"

စုချုးထင်းသည် ရှမဟာန်အား စေ့စေ့ကြည့်လိုက်သည်။

"မင်း ... မင်း"

သူသည် ပြောရင်း မျက်နှာဖုံးစွပ်အတုကို ဆွဲချွတ်ပစ်လိုက်ရင်း ဓားအိမ်ထဲမှဓားကိုလည်း လျင်မြန်စွာ ဆွဲထုတ်လိုက်လေသည်။

ထို့နောက် ...



"မင်းကို ငါ သတ်မယ်"

ရှမဟာန်သည် အေးဆေးတည်ငြိမ်သောလေသံဖြင့် ...

"ခင်ဗျား ကျုပ်ကို သတ်ရဲရင် သတ်လိုက်"

ပေ့ယင်စိမ်းက ဒေါသတကြီးနှင့် ရှမဟာန်အား ကြည့်လိုက်ကာ ...

"မင်းဟာ ပြဿနာကောင်ပဲ၊ မင်းလို သိုင်းပညာမတတ်တဲ့ စာပေအနုပညာရှင်တစ်ယောက်ကို သတ်ဖို့ဆိုတာ ငှက်ပျောသီး အခွံနွှာသလောက်တောင် မခဲယဉ်းပါဘူးကွာ"

ရှမဟာန်က ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ကျုပ်ကို သိုင်းပညာမတတ်ဘူးလို့ ဘယ်သူက ပြောသလဲ၊ ကျုပ်က ကျုပ်ဟာ သိုင်းပညာမတတ်ပါဘူး၊ စာပေသမားတစ်ယောက်ပါလို့ သိုင်းလောကကို လိုက်ကြေညာနေသလား"

"ကြေညာဖို့မလိုပါဘူး၊ မင်း သိုင်းပညာမတတ်တာ လူတိုင်းသိနေတဲ့ကိစ္စပဲ"

ရှမဟာန်က ပြုံးလိုက်သည်။

"အဲဒါ ခက်တာပဲ ...ခင်ဗျားက သူများယုံတိုင်း လိုက်ယုံနေ

www.burmeseclassic.com

www.burmeseclassic.com



တာကိုး၊ ကျုပ်ဟာ ခင်ဗျားတတ်သလောက်တော့ ကျုပ်လည်း တတ်တယ်၊ လူသတ်တဲ့ သိုင်းပညာကတော့ ကျုပ် ရှုံးမှန်းတယ်၊ ဒါပေမဲ့ အခုတော့ ကျုပ် ဒီသိုင်းပညာကို ထုတ်သုံးရတော့မယ်"

သူသည် ပလွေကိုထုတ်လိုက်ပြီး သူ့ပလွေကို အဆင့်ဆင့် ထိုးထုတ်လိုက်သည်။

ပလွေသည် သုံးဆင့်ထွက်လာသည်။

နောက်ဆုံးအဆင့်သည် ဓားသွားကဲ့သို့ ပါးလွှာသည်။

'ရွှမ်း ... ရွှမ်း ... ရွှမ်း'

အလွန်ပါးလွှာသော ဓားမျှော သို့မဟုတ် အလွန်ပါးလွှာသော ဓားတို့သည်သာ လေထဲကို ဝှေ့ယမ်းသောအခါ ထိုကဲ့သို့ တရွှမ်းရွှမ်း မြည်တတ်သည်။

ယခု ပလွေက ဓားမျှောများကဲ့သို့ အသံထွက်လာသဖြင့် ပေ့ယင်စိမ်းသည် မျက်နှာပျက်သွားလေတော့၏။

သို့သော် ...

ပေ့ယင်စိမ်း မကြောက်တတ်ပါ။

ဤသူကို သိုင်းလောကတစ်ခုလုံးက စာပေသမားဟု ပြောကြားကြသည် မဟုတ်ပါလား။



သူ စတင်လှုပ်ရှားသည်။

ထို့အတူ ... ရှုမဟာန်ကလည်း နောက်မှလိုက်၍ လှုပ်ရှား၏။

တခဏ်အချိန်အတွင်းမှာပင် အလင်းတန်းများနှင့်အတူ ဧည့်ခန်းထဲတွင် ပြင်းထန်သော မုန်တိုင်းငယ်တစ်ခု တိုက်ခတ်သွားသည်။

★

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအကြာတွင် လှုပ်ရှားမှုများ ပြန်လည်ရပ်တန့်သွားသည်။

ထိုအခါကျမှ ...

ကျူးကိုပိုက်မှာလည်း သတိဝင်လာပြီး လှုပ်ရှားလိုက်လေတော့သည်။

ပေ့ယင်စိမ်းနှင့် ရှမဟန်တို့သည် မျက်နှာချင်းဆိုင်ကာ ငြိမ်သက်လျက် ရှိနေသည်။

"ရှမဟန် ... သူ့ကို တရားဥပဒေက အပြစ်ပေးသွားမှာပါ၊ ခင်ဗျား လွန်သွားမယ်၊ ကျုပ် အမိန့်ပေးနေတယ်"

ကျူးကိုပိုက် ရှမဟန်၏ကျောပြင်အား ဓားဖြင့်ထောက်၍ အမိန့်ပေးလိုက်သည်။

ရှမဟန်သည် တည်ငြိမ်အေးဆေးသောလေသံဖြင့် ...



"ကျုပ် လွန်သွားပါပြီ၊ ခင်ဗျားရဲ့ဘေးကတိုင်ကို ခင်ဗျား တွန်းကြည့်လိုက်ပါဗျာ"

ကျူးကိုပိုက်သည် ရှမဟန်၏စကားအတိုင်း အနီးရှိတိုင်အား လက်ဖြင့် တွန်းကြည့်လိုက်လေသည်။

ထိုအခါ ...

တိုင်မှာ ခါးလယ်မှ တိတိရိရိ ပြတ်တောက်နေသည်ကို ထူးဆန်းစွာ တွေ့မြင်လိုက်ရလေတော့သည်။

ရှမဟန်က အေးအေးဆေးဆေးပင် ပြောဆိုလိုက်လေသည်။

"ဒီတိုင်ဟာ ကျုပ်ရဲ့ဓားချက်ထိပြီး ပြတ်ခဲ့တာပါ၊ နောက်ပြီး ဧည့်ခံဖို့ထားတဲ့ စားပွဲပေါ်က အရက်အိုးတွေကိုလည်း ကြည့်လိုက်ပါဦး"

ကျူးကိုပိုက်သည် စားပွဲရှိရာသို့ လှမ်းကြည့်လိုက်သည်။

ရှမဟန် ပြောသည့်အတိုင်းပင် စားပွဲပေါ်မှ အရက်အိုးများ၏လည်ပင်းများမှာ တိတိရိရိ ပြတ်နေသည်ကို တွေ့ရလေသည်။

ကျူးကိုပိုက်သည် ထိတ်လန့်တကြားဖြင့် မေးလိုက်၏။

"ခင်ဗျား ပေ့ယင်စိမ်းကို သတ်လိုက်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ရှမဟာန်က ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်ပြီး ...

"ဟုတ်ကဲ့ ... သူ တစ်သက်လုံး စကားပြောတော့မှာ မဟုတ်ပါဘူး၊ ကျုပ် သူ့ကို သတ်လိုက်ပါတယ်၊ ဒါကြောင့် ကျုပ်မှာ အပြစ်ရှိပါတယ် ...၊

ဒီမှာ ကျူးကိုပိုက် ... ခင်ဗျားဟာ ဓွန်းမင်းကျူးဟန်ဆောင်ထားတဲ့ လက်ထောက်သတင်းစုံစမ်းရေးတာဝန်ခံ ကျူးကိုပိုက်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်ကို ခင်ဗျားကြိုက်သလို အရေးယူဆောင်ရွက်နိုင်ပါတယ် ဗျာ"

ကျူးကိုပိုက် အံ့အားသင့်သွားလေသည်။

"ကျုပ် ကျူးကိုပိုက်မှန်း ခင်ဗျား ဘယ်လိုလုပ်သိလဲ"

ရှမဟာန်က ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး ...

"ကျုပ် သိပါတယ်ဗျာ၊ မိတ်ဆွေ သူမျှားကို ဟန်ဆောင်လို့ ရပေမယ့် ကျုပ်ကိုတော့ ဟန်ဆောင်လို့ရမှာ မဟုတ်ဘူး"

ထိုစဉ်မှာပင် ...

မတ်တတ်ရပ်၍ ဓားကိုကိုင်ကာ လက်ကို ဆန့်တန်းထားသော ပေ့ယင်စိမ်းသည် ရုတ်တရက် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။



'ဝုန်း'

သူ၏ငယ်ထိပ်မှ သွေးများသည် မျက်နှာပြင်ပေါ်သို့ စီးဆင်းကျလာလေသည်။

ဘဝသမိုင်းကြောင်းတစ်လျှောက်လုံးတွင် လူအများအား ဒုက္ခပေးခဲ့သော ပေ့ယင်စိမ်းသည် သေဆုံးသွားပြီ မဟုတ်ပါလော။

★

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ရွှေကျားဂေဟာ ...။

ရွှေကျားဂေဟာ၏ရှေ့သို့ မြင်းနက်နှစ်ကောင် ဆွဲသော လှည်းတစ်စီး ဆိုက်ရောက်လာသည်။

ထိုမြင်းလှည်းပေါ်မှ လူတစ်ယောက် ဆင်းလာ၏။

ထိုလူမှာ ...

သတင်းစုံစမ်းရေးတာဝန်ခံ စုမာရှဲပင် ဖြစ်သည်။

ကျူးကိုဝိုက်သည် ပေ့ယင်စိမ်း၏အကျီအိတ်အတွင်းမှ ရရှိသော ကျောက်စိမ်းလိပ်ပြာတစ်စုံကို စုမာရှဲအား လှမ်းပေးလိုက်သည်။

"ဆရာ ... အမတ်ချုပ်ကြီးနဲ့ ဆရာပြောနေတဲ့ ကျောက်စိမ်းလိပ်ပြာတွေပါ၊ အဲဒါကို ကျွန်တော် သိမ်းခဲ့တယ်၊ လက်ရာသိပ်ကောင်းတဲ့ ပစ္စည်းပါပဲ ဆရာ၊ အမတ်ချုပ်ကြီးလက်ထဲကို ဆရာပဲ



ထည့်လိုက်ပါတော့"

ထို့နောက် ...

သူသည် တရားခံ ရှမဟန်ကိုလည်း ဆရာဖြစ်သူ စုမာရှဲထံသို့ လွှဲပြောင်းပေးလိုက်သည်။

ရာဇဝတ်မှုပြုသူအတွက် ဆိတ်ကွယ်ရာအရပ်သည် မရှိပါချေ။

ရာဇဝတ်ဘေး ပြေးမလွတ် ဟူသောစကားသည် ထာဝစဉ်မှန်ကန်နေမည်ဖြစ်သည်။

စုမာရှဲသည် ရှမဟန်အား မြင်းလှည်းပေါ်သို့တက်ရန် အမိန့်ပေးလိုက်သည်။

သူ၏အမိန့်သံအဆုံးတွင် ရှမဟန်သည် မြင်းလှည်းပေါ်သို့ တက်လိုက်သည်။

ထိုစဉ် ...

ရှမဟန်၏မှတ်တမ်းစာအုပ်လေးသည် လွင့်စဉ်ကျသွားလေသည်။

ရှမ်းရှမ်းသည် ထိုစာအုပ်အား ပြေးလွှားကောက်ယူပြီး ရှမဟန်၏လက်ထဲ လှမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ရှမဟန်က ခေါင်းခါယမ်းလိုက်ပြီး ...

"ညီမကို အစ်ကို လက်ဆောင်အဖြစ် ပေးခဲ့ပါတယ်၊ ညီမပဲ ယူလိုက်ပါ"

သူသည် ထိုစကားကိုပြောကာ မြင်းလှည်းတံခါး ပိတ်လိုက်လေ၏။

ရှမ်းရှမ်းသည် ရှမဟန်ကို ငေးကြည့်နေလေသည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ စီးကျလာ၏။

ရှမဟန်တို့ စီးနင်းသွားသော မြင်းလှည်းသည် ထွက်ခွာသွားပြီဖြစ်သည်။

★

BURMESE CLASSIC .com



ကျူးကိုပိုက်နှင့် စုချူးမေတို့သည် ရှမ်းရှမ်းအား ဖျောင်းဖျ နှစ်သိမ့်လိုက်သည်။

"တိတ်ပါ ညီမရယ် ... ဆရာရှမဟန်ဟာ စိတ်ထားနူးညံ့တဲ့ လူပါ၊ နောက်ပြီး သူသတ်လိုက်တဲ့သူက သူ့မိသားစုကို သတ်သွားတဲ့ လူပါ၊ တရားဥပဒေက ဖြင်းထန်ပေမယ့် ဆရာရှမဟန်ကိုတော့ စဉ်းစဉ်းစားစားနဲ့ အပြစ်ပေးကြမှာပါ"

ရှမ်းရှမ်းသည် ရှမဟန်အား ခေါ်ဆောင်သွားသော မြင်းလှည်းကို လှမ်းကြည့်လိုက်သည်။

မြင်းလှည်းသည် တရွေ့ရွေ့နှင့် သွားနေလေရာ အဝေးဆီမှ မှုန်ပျပျသာ ရှိတော့သည်တကား။

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com